THE REPUBLIC OF THE UNION OF MYANMAR

# THE SUPREME COURT Of THE UNION



# ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

# 2016
# ANNUAL REPORT

# မာတိကာ


ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ် ၂
ရည်မှန်းချက် ၄
လုပ်ငန်းတာဝန်များ ၄
တရားရုံး၏ တန်ဖိုးများ ၄
တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက် ၅

**တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုဖော်ပြချက်**

တရားစီရင်ရေးဆိုင်ရာအခြေခံမူများ ၆
တရားရုံးဖွဲ့စည်းပုံ ၆
ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၈
တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် ၁၀
ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး ၁၂
မြို့နယ်တရားရုံး ၁၃
ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ ၁၄
တရားရုံးစီမံခန့်ခွဲမှု
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ ၁၅
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံစနစ် ၁၆
ရသုံးမှန်းခြေငွေစာရင်းများနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၁၈

**၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများ**

တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာပြောင်းလဲသတ်မှတ်ခြင်း ၂၀
မှုခင်းများစစ်ဆေးစီရင်ခြင်း ၂၀
ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀
ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း ၂၆
စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၃၁

**အခြားကြိုးပမ်းဆောင်ရွက်မှုများ** ၃၆
ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု ၃၆
တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း ၃၇
လူ့စွမ်းအားအရင်းအမြစ်များ ၃၈
လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ၃၉
သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များ ၄၁
အများပြည်သူတရားရုံးလုပ်ငန်းများလက်လှမ်းမီရေးနှင့်အသိအမြင်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်း ၄၃
ဥပဒေအသစ်များနှင့် ပြင်ဆင်သည့်ဥပဒေများ ရေးဆွဲဆောင်ရွက်ခြင်း ၄၇
မြန်မာနိုင်ငံစီရင်ထုံး (၂၀၁၅) ထုတ်ဝေခြင်း ၄၇
ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း ၄၇
တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း ၄၈

**မဟာဗျူဟာစီမံကိန်းဒုတိယနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု** ၅၁
မဟာဗျူဟာစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှု ၅၁
၂၀၁၆ ခုနှစ် တရားရုံး၏အဓိကဆောင်ရွက်မှုကို တိုင်းတာခြင်း ၅၁
မဟာဗျူဟာစီမံကိန်းဒုတိယနှစ်လုပ်ငန်းအစီအစဉ်၏အောင်မြင်မှုများ ၅၂


## နောက်ဆက်တွဲများ


**တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏တည်နေရာများ** နောက်ဆက်တွဲ(က)
**ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ** နောက်ဆက်တွဲ (ခ)
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း** နောက်ဆက်တွဲ (ဂ)
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေသစ်များ၊ ပြင်ဆင်ခဲ့သည့်ဥပဒေများ** နောက်ဆက်တွဲ(ဃ)
**ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ပြည်ပခရီးစဉ်များ** နောက်ဆက်တွဲ (င)
**တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့လာရောက်သည့် နိုင်ငံတကာကိုယ်စားလှယ်များစာရင်း** နောက်ဆက်တွဲ (စ)
**မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ဒုတိယနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှုအစီရင်ခံစာ (၂၀၁၆)** နောက်ဆက်တွဲ(ဆ)

# ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်



နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိမှသာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း ဟူသည့် လောကပါလတရားများ ထွန်းကားမည်ဖြစ်သည်။ ဒီမိုကရေစီလူ့ဘောင် အဖွဲ့အစည်းတစ်ရပ်တွင် တရားစီရင်ရေးကဏ္ဍသည် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက်သာမက၊ ချိုးဖောက်ခံရဖွယ်ရှိသည့် ကိစ္စများအတွက် ထိရောက်သည့်သက်သာခွင့်နှင့် အကာအကွယ်များကိုပေးနိုင်ရန် လွန်စွာအရေးပါလှပေသည်။ သို့အတွက် တရားစီရင်ရေးကဏ္ဍသည် လွတ်လပ်ရမည်၊ သမာသမတ်ကျရမည်၊ တာဝန်ခံနိုင်ရမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နေကြောင်းကိုလည်း မြင်သာစေရမည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တကွ တရားရုံးအဆင့်ဆင့်ကို လွတ်လပ်သော မဏ္ဍိုင်ကြီးတစ်ရပ်အဖြစ် အစိုးရ၏အခြားသောမဏ္ဍိုင်များနှင့်အတူ ပြန်လည်ဖော်ဆောင်ခဲ့သည်မှာ ခြောက်နှစ်ခန့်တိုင်ခဲ့ပြီဖြစ်သည်။ ယင်းကာလများအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေဖြင့် တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းဆောင်တာများကို ပြုပြင်ပြောင်းလဲရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိသည်။


ယခု ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာသည် မြန်မာ့တရားစီရင်ရေးကဏ္ဍအတွက် တစ်ခုတည်းသော ပထမဆုံးနှင့် ထူးခြားသည့် အစီရင်ခံစာဖြစ်သည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ တရားရုံးများ၏ တိကျသည့် ကိန်းဂဏန်းအချက်အလက်များ၊ ဆောင်ရွက်ချက်များကို ဖော်ပြရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်နေသည့် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများအပေါ် နယ်ပယ်ကဏ္ဍပေါင်းစုံမှ သက်ဆိုင်သူများအားလုံး ကျယ်ပြန့်စွာ သိရှိ

နားလည်နိုင်စေရန် ရည်ရွယ်ပါသည်။ အစီရင်ခံစာတွင် ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များ၏ အားသာချက်၊ အားနည်းချက်များကိုလည်း ထင်ဟပ်လျက်ရှိသည်။

လွန်ခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များကို ပြန်ပြောင်းကြည့်ရှုသည့်အခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းခဲ့မှုများနှင့် အဆင့်ဆင့်သော တရားရုံးများ၏ ဟန်ချက်ညီညီ ကြိုးပမ်းအားထုတ်ခဲ့မှုများကို မြင်တွေ့နိုင်ပြီး ယင်းသို့ ဆောင်ရွက်ခဲ့မှုများအတွက် အထူးကျေးဇူးတင်ရှိရပေသည်။ ရှေ့လာမည့်နှစ်များတွင် တရားစီရင်ရေးအတွက် ပိုမိုကောင်းမွန်သည့်လုပ်ငန်းများ ထမ်းဆောင်နိုင်ကြစေကြောင်း အားပေးတိုက်တွန်းလိုက်ရပေသည်။

တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းရပ်ဖြစ်ပြီး စိန်ခေါ်မှုများလည်း အမြောက်အမြားရှိသည်မှာ မလွဲပင် ဖြစ်သည်။ ယခု တရားရုံးနှစ်စဉ်အစီရင်ခံစာသည် တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံး၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတ ကျကျအကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်လိုက်ရပေသည်။

**ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုတရားသူကြီးချုပ်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်** — **၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** — **နေပြည်တော်**



## ရည်မှန်းချက်

လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်

တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး

အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး

တရားရုံးများ၏ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏တန်ဖိုးများ

သာတူညီမျှမှုနှင့် တရားမျှတမှု

တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု

လက်လှမ်းမီနိုင်မှု

မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု



## တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

## တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုဖော်ပြချက်

### တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါ အတိုင်းချမှတ်ထားပါသည်-

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး
- ဥပဒေအရကန့်သတ်ချက်များမှအပပြည်သူရှေ့မှောက်တွင်တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေ အေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေကိုပြည်သူများကနားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေး ပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကိုဦးတည်ရေး

### တရားရုံးဖွဲ့စည်းပုံ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏အချုပ်အခြာအာဏာသုံးဖြာအနက်တစ်ခု ဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရနိုင်ငံတော်၏ တရားစီရင်ရေးအာဏာ ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သောတရားရုံးများသို့ ခွဲဝေ အပ်နှင်းထားပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ခုနှစ် ပြည်ထောင်စု တရားစီရင်ရေးဥပဒေအရ အောက်ဖော်ပြပါတရားရုံးများကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက် နေ့မှစ၍ ဖွဲ့စည်းထား ပါသည် -

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး
- မြို့နယ်တရားရုံး
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး**
**နေပြည်တော်တွင် တည်ရှိသည်**



တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ

**ဒုတိယအမြင့်ဆုံးတရားရုံး**
**တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် (၁၄) ရုံး**



ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/
ဒေသတရားရုံးများ

**ဒုတိယအမြင့်ဆုံးတရားရုံး**
**ခရိုင်တရားရုံး (၇၂) ရုံး**



မြို့နယ်တရားရုံးများ/
ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ

**မူလတရားရုံး**
**မြို့နယ်တရားရုံး (၃၃၁)ရုံး၊ အခြားတရားရုံး (၂၂)ရုံး**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စစ်ဘက်ဆိုင်ရာတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံး ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏မြို့တော်သစ် နေပြည်တော်တွင် တည်ရှိသည်။ ၂၇.၁၁.၂၀၁၆ ရက်နေ့အထိ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးခြောက်ဦးဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၅ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုနှင့်အယူခံမှုစီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် တရားရုံးတစ်ရုံးက ချမှတ်လိုက်သောစီရင်ချက်နှင့်အမိန့်အပေါ် ဥပဒေနှင့်အညီ ပြင်ဆင်မှုအာဏာနှင့် သေဒဏ်အတည်ပြုခွင့်အာဏာများလည်း ရှိသည်။ ထို့မှ့မက ဥပဒေနှင့်အညီ အခြားတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကိုမထိခိုက်စေဘဲ စာချွန်တော်သဘော သဘာဝရှိသောအမိန့်များကို ထုတ်ပြန်ရန် စာချွန်တော်အမိန့်(၅)ရပ်ကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားသူကြီးတစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှုများကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များကိုလည်း သီးသန့်ကြားနာစစ်ဆေးပါသည် -

- ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ
- ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာပြဿနာများမှအပအခြားအငြင်းပွားမှုများ
- တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများမှအပအခြားအငြင်းပွားမှုများ
- ဥပဒေတစ်ရပ်ရပ်အရသတ်မှတ်ထားသောအခြားကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံးအာဏာပိုင် ဖြစ်သည်နှင့်အညီလက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားစီရင်ရေးနှင့်သက်ဆိုင်သော ဥပဒေကြမ်းများကို ဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီတင်သွင်းနိုင်ခွင့်ရှိသည်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ



ပြည်ထောင်စုတရားသူကြီးချုပ်
ဦးထွန်းထွန်းဦး
၃၀-၃-၂၀၁၁ မှ ယနေ့ထိ



တရားသူကြီးဦးသာဋ္ဌေး
၃၀.၃.၂၀၁၁ မှ ယနေ့ထိ

တရားသူကြီးဦးစိုးညွန့်
၃၀.၃.၂၀၁၁ မှ ယနေ့ထိ





တရားသူကြီးဦးမြသိမ်း
၃၀.၃.၂၀၁၁ မှ ယနေ့ထိ

တရားသူကြီးဦးမြင့်အောင်
၃၀.၃.၂၀၁၁ မှ ယနေ့ထိ





တရားသူကြီးဦးအောင်ဇော်သိန်း
၃၀.၃.၂၀၁၁ မှ ယနေ့ထိ

တရားသူကြီးဦးမြင့်ဟန်
၃၀.၃.၂၀၁၁ မှ ၂၇-၁၁-၂၀၁၆ ထိ



## တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဒုတိယအမြင့်ဆုံးတရားရုံးဖြစ်ပြီး ပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်(၇) ခုနှင့် ပြည်နယ်တရားလွှတ်တော်(၇) ခုရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

တရားလွှတ်တော်တစ်ခုစီတွင် တရားသူကြီးချုပ်တစ်ဦးနှင့် သက်ဆိုင်ရာအလုပ်တာဝန်ပမာဏအပေါ် မူတည်၍ တရားလွှတ်တော်တရားသူကြီးအရေအတွက်အနည်းဆုံး(၃) ဦးမှအများဆုံး(၇) ဦးအထိ ကွဲပြားပါသည်။

တရားလွှတ်တော်များတွင် တရားမနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများက ချမှတ်သည့်စီရင်ချက်၊ ဒီကရီနှင့်အမိန့်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများလည်းရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့်စစ်ဆေးပါသည်။ တရားလွှတ်တော်သည် လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေးတာဝန်များနှင့် စီမံအုပ်ချုပ်ရေးတာဝန်များအပေါ် စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိပါသည်။

**တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ တရားသူကြီးချုပ်များနှင့်တရားသူကြီးများ**

| | | |
|---|---|---|
| **ကချင်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးတူးဂျာ<br>တရားသူကြီး ဦးဇော်ဝင်း<br>တရားသူကြီး ဒေါ်ပြုံးပြုံးအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **ကယားပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးကျော်လင်းမောင်<br>တရားသူကြီး ဒေါ်သန်းသန်းအေး<br>တရားသူကြီး ဦးတင်ဌေး | ၂၉.၂.၂၀၁၂ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၂၉.၂.၂၀၁၂ မှ ယနေ့အထိ |
| **ကရင်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးစောစံလင်း<br>တရားသူကြီး ဦးသိန်းကိုကို<br>တရားသူကြီး ဒေါ်ခင်ဆွေထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **ချင်းပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်<br>တရားသူကြီး ဦးလှတင်<br>တရားသူကြီး ဦးမြင့်သိန်းထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **မွန်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးခင်မောင်ကြီး<br>တရားသူကြီး ဦးသိန်းမြင့်<br>တရားသူကြီး ဦးညီညီစိုး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **ရှမ်းပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးကြွယ်ကြွယ်<br>တရားသူကြီး ဒေါ်ခင်မေတင့်<br>တရားသူကြီး ဦးခင်မောင်ဌေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ<br>၃၀.၃.၂၀၁၁ မှ ယနေ့အထိ |

| | | |
|---|---|---|
| **ရခိုင်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးကျော်ကျက် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးသိန်းအောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စန်းစန်းရီ | ၁၉.၁၁.၂၀၁၃မှ ယနေ့အထိ |
| **စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးဝင်းမြင့် | ၉.၁၂.၂၀၁၄မှယနေ့အထိ |
| | တရားသူကြီး ဦးမျိုးမောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ချယ်ရီကြည် | ၂၃.၁၂.၂၀၁၄မှယနေ့အထိ |
| **မကွေးတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးစိန်ထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမြင့်သိန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်နုယဉ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးစိုးသိန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်တင်နွယ်ဝင်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်သင်းဝေ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ကြင်သောင်း(ခ)ဒေါ်လေးလေးမွန် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးကြည်သိန်း(ခ)ဦးကြည်သိန်းအောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်လှလှရီ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးသောင်းညွန့် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးတင်ဟုန်(ခ)ဦးယုကျုံး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးကြည်သိန်း | ၃၀.၃.၂၀၁၁ မှ ၂၇.၃.၂၀၁၆ထိ |
| | တရားသူကြီး ဦးမောင်မောင်အေး | ၂၆.၅.၂၀၁၆ မှ ယနေ့ထိ |
| | တရားသူကြီး ဒေါ်လွင်လွင်အေးကျော် | ၂၆.၅.၂၀၁၆ မှ ယနေ့ထိ |
| **တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးမြင့်ဝင်း | ၃၀.၃.၂၀၁၁မှ၂၁.၇.၂၀၁၆ထိ |
| | တရားသူကြီးချုပ် ဦးတင်အောင် | ၂၂.၇.၂၀၁၆ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ညွန့်ညွန့်ဆွေ | ၃၀.၃.၂၀၁၁မှ ၃၀.၄.၂၀၁၆ထိ |
| | တရားသူကြီး ဦးခင်မောင်မောင် | ၂၈.၉.၂၀၁၆မှယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်မာဌေး | ၂၈.၉.၂၀၁၆ မှယနေ့အထိ |
| **ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးဝင်းဆွေ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမျိုးမြင့် | ၃၀.၃.၂၀၁၁မှ၂၈.၆.၂၀၁၆ ထိ |
| | တရားသူကြီး ဦးလှအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စန္ဒာသွယ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စိုးစိုးအောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်အေးသန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်သင်းသင်းနွဲ့ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **ဧရာဝတီတိုင်း ဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးသန်းထွန်း | ၁၇.၈.၂၀၁၂ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်သိန်းသိန်းညွန့် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးကျော်မင်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမျိုးညွန့် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးဝင်းမြင့် | ၁၇.၈.၂၀၁၂ မှ ယနေ့အထိ |

## ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး

ခရိုင်အသီးသီးတွင် ခရိုင်တရားရုံးသည် တည်ရှိပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့ တည်ထောင်ရန်ဖြစ်ပါသည်။ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံးတို့သည် ဒုတိယအနိမ့်ဆုံးတရားရုံးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့ထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံးများ သီးခြားဖွင့်လှစ်နိုင်ခြင်း မရှိသေး၍ အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းအတွင်းရှိ မှုခင်းများကို ခရိုင်တရားရုံးများက စစ်ဆေးဆောင်ရွက်ပါသည်။ ခရိုင်တရားရုံး စုစုပေါင်း(၇၂)ရုံးရှိပါသည်။ ခရိုင်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ပေးခန့်အပ်ထားသော ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့်ဒုတိယခရိုင်တရားသူကြီးတို့ ရှိပါသည်။ ခရိုင်တရားရုံးတစ်ရုံး၏ တရားသူကြီးအရေအတွက်သည် ၎င်း၏လုပ်ငန်းပမာဏအပေါ်တွင် မူတည်ပါသည်။

ခရိုင်တရားရုံးတွင် တရားမမှု နှင့် ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကိုကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများမှ ချမှတ်လိုက်သောစီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာများလည်းရှိပါသည်။ ခရိုင်တရားရုံးရှိအမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသောတရားသူကြီးများဖြင့် စစ်ဆေးစီရင်နိုင်ပါသည်။

***ခရိုင်တရားရုံး၏စီရင်ပိုင်ခွင့်***

<table>
<tr><td rowspan="2">ရာဇဝတ်စီရင်ပိုင်ခွင့်</td><td colspan="2">ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်</td></tr>
<tr><td colspan="2">၎င်း၏ဒေသနယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်</td></tr>
<tr><td rowspan="3">တရားမ စီရင်ပိုင်ခွင့်</td><td>ခရိုင်တရားသူကြီး/<br>တွဲဖက်ခရိုင်တရားသူကြီး</td><td>ကျပ် သိန်း ၁၀၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှု စီရင်ပိုင်ခွင့်</td></tr>
<tr><td>ဒုတိယခရိုင်တရားသူကြီး</td><td>ကျပ် သိန်း ၅၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှုစီရင်ပိုင်ခွင့်</td></tr>
<tr><td>ခရိုင်တရားသူကြီး/<br>တွဲဖက်ခရိုင်တရားသူကြီး<br>ဒုတိယခရိုင်တရားသူကြီး</td><td>၎င်း၏ဒေသနယ်နိမိတ်အတွင်းရှိ မြို့နယ် တရားရုံးများ၏ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်</td></tr>
</table>

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ရန်တာဝန်ရှိသည်။

## မြို့နယ်တရားရုံး

မြို့နယ်တရားရုံးသည်မူလရုံးဖြစ်ပါသည်။ မြို့နယ်တရားရုံး စုစုပေါင်း (၃၃၀)ရုံး ရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေး ခန့်အပ်ထားသော မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီး တို့ရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံး၏ တရားသူကြီးအရေအတွက်သည် ၎င်း၏လုပ်ငန်းပမာဏ အပေါ်တွင် မူတည်ပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှု စီရင်ပိုင်ခွင့်ရှိပါသည်။ မြို့နယ်တရားရုံးရှိအမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

*မြို့နယ်တရားရုံး၏စီရင်ပိုင်ခွင့်*

| | | |
|---|---|---|
| ရာဇဝတ် စီရင်ပိုင်ခွင့် | မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး | ထောင်ဒဏ် ၇ နှစ်နှင့်ငွေဒဏ်အကန့်အသတ် မရှိ |
| | ပထမတန်းရာဇဝတ်တရားသူကြီး | ထောင်ဒဏ် ၃ နှစ်နှင့် ငွေဒဏ် ၁၀၀၀၀၀ ကျပ် |
| | ဒုတိယတန်းရာဇဝတ်တရားသူကြီး | ထောင်ဒဏ် ၁ နှစ်နှင့် ငွေဒဏ် ၅၀၀၀၀ ကျပ် |
| | တတိယတန်းရာဇဝတ်တရားသူကြီး | ထောင်ဒဏ် ၃ လနှင့် ငွေဒဏ်၃၀၀၀၀ ကျပ် |
| တရားမ စီရင်ပိုင်ခွင့် | မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး | ကျပ် သိန်း၁၀၀ ထက်မပိုသောအမှုတန်ဖိုးရှိသည့် တရားမမှုများ |
| | ဒုတိယမြို့နယ်တရားသူကြီး | ကျပ် သိန်း၃၀ ထက်မပိုသောအမှုတန်ဖိုးရှိသည့် တရားမမှုများ |

## ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရ တည်ထောင်သောအခြား တရားရုံးများကို မြို့နယ်အဆင့်တရားရုံးအဖြစ် တည်ထောင်ထားပါသည်။ အဆိုပါတရားရုံးများတွင် အောက်ပါတို့ပါဝင်ပါသည် -

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ

***ကလေးသူငယ်တရားရုံးများ***

ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်များကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးရန် အတွက် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပါသည်။ မြို့နယ်အဆင့်တရားရုံးများ ဖြစ်သော်လည်း ကလေးသူငယ်တရားသူကြီးသည် မှုခင်း၏ကြီးလေးမှုနှင့်မသက်ဆိုင်ဘဲ ပြစ်ဒဏ် အားလုံးကို စီရင်နိုင်သည့် သီးခြားစီရင်ပိုင်ခွင့် အာဏာရှိပါသည်။

ကလေးသူငယ်တရားရုံး (ရန်ကုန်တိုင်းဒေသကြီး) သည် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်းရှိမြို့နယ် (၂၀) တွင် ဖြစ်ပွားသောကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး (မန္တလေးတိုင်းဒေသကြီး) သည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နမိတ်အတွင်းရှိ မြို့နယ် (၅) မြို့နယ်တွင် ဖြစ်ပွားသော ကလေး သူငယ်မှုခင်းများကိုစစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်းဖြစ်ပါသည်။ ထိုတရားရုံးများတွင် ကလေးသက်သေစစ်ဆေးခန်းအပါအဝင် တရားရုံးအထောက်အကူပြုပစ္စည်းများနှင့် ကလေးသူငယ်များ သက်တောင့်သက်သာရှိစေမည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်အတွက် ကိရိယာများတပ်ဆင်ထားပါ သည်။

ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် ကလေး သူငယ်မှုခင်းများကိုစစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

***စည်ပင်သာယာတရားရုံးများ***

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာ တရားရုံးများ တည်ထောင်ထားပါသည်။ စည်ပင်သာယာတရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

***မော်တော်ယာဉ်တရားရုံးများ***

ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းချိုးဖောက်သူများကို စစ်ဆေးစီရင်ရန်အတွက် မော်တော် ယာဉ်တရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

## တရားရုံးစီမံခန့်ခွဲမှု

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အထောက်အကူပြုသည့် ကော်မတီနှင့်အဖွဲ့များဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများသည် တရားစီရင်ရေးရာကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ကော်မတီများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဦးဆောင်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးသာဋ္ဌေး ဦးဆောင်သော **မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့် ဦးဆောင်သော **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသောဥပဒေများစိစစ်ရေးအဖွဲ့**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွှန့် ဦးဆောင်သော **မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့် ဦးဆောင်သော **ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူဥပဒေရေးရာဝန်ကြီးဌာနတို့၏ ပူးတွဲကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွှန့် ဦးဆောင်သော **ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက် ရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြသိမ်း ဦးဆောင်သော **ကျင့်ဝတ်စည်းကမ်းများ ပြန်လည်သုံးသပ်ရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော **တိုင်ကြားစာစိစစ်ပြန်ကြားရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဦးဆောင်သော **e-Government အကောင်အထည်ဖော်ရေးကော်မတီ**

အားလုံးသော ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက ပါဝင်ကူညီဆောင်ရွက်ပါသည်။ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံစနစ်





ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့က ကူညီထောက်ပံ့ဆောင်ရွက်ပေးပါသည်။ *

### *ပြည်ထောင်စုတရားသူကြီးချုပ်ရုံး*

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး၏ ကြီးကြပ်မှုအောက်တွင် ဌာနခွဲနှစ်ခုထားရှိပါသည်။



ရုံးအဖွဲ့မှူး
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး



ဒုတိယရုံးအဖွဲ့မှူး
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး*

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာ၊ ဘတ်ဂျက်နှင့်ထောက်ပံ့၊ လေ့ကျင့်၊ သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနလုပ်ငန်းများအတွက် ဌာနကြီးငါးခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

** ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်နေ့ တွင် တာဝန်ထမ်းဆောင်သူများကိုဖော်ပြထားပါသည်*




### *ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး*

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် တရားသူကြီးများရုံးထိုင်ခြင်းနှင့် စီရင်ချက်များအတည်ပြုခြင်းအပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး လုပ်ငန်းများ၊ ဥပဒေများသုံးသပ်ခြင်းနှင့်မူကြမ်းရေးဆွဲခြင်း၊ လက်အောက်ခံတရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းများနှင့်ရှေ့နေရှေ့ရပ်ကိစ္စများကို ကြီးကြပ်ရန်အတွက် ဌာနကြီးငါးခုဖြင့် ဆောင်ရွက်လျက် ရှိပါသည်။



## ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ဘဏ္ဍာရေးနှစ်တွင် ကောက်ခံရမည့်ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်) တို့ကို စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်အား လုပ်ပိုင်ခွင့်အပ်နှင်း၍ ဆောင်ရွက်ပါ သည်။

လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့် ညွှန်ကြားရေးမှူးချုပ်သည် မိမိလက်အောက်ရှိ ဌာနဆိုင်ရာ ပုဂ္ဂိုလ်အားထပ်မံ၍ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်အသုံးစရိတ်ငွေတို့ကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး(ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန) အား အပ်နှင်းဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် ရငွေသုံးငွေများကို ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနသို့ လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်ခံတရားရုံးများအတွက် ရငွေသုံးငွေများကို တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများသို့လည်းကောင်း ခွဲဝေ၍ စီမံဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေအားလုံး၏ ၀.၁၅၀ % ကို လည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၁၀၁ % ကိုလည်းကောင်း ခွဲဝေရရှိခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေ အားလုံး၏ ၀.၁၇ % ကို လည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၁၀ % ကို လည်းကောင်း ခွဲဝေရရှိခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ်တို့နှင့် စပ်လျဉ်း၍ ခွင့်ပြုငွေ၊ အမှန်သုံးစွဲငွေများကို ဇယားများဖြင့် ဖော်ပြပါသည်။

| ၂၀၁၅–၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှန်တကယ် အသုံးစရိတ်စာရင်း (ကျပ်သန်းပေါင်း) | | | | | |
|---|---|---|---|---|---|
| စဉ် | ငွေစာရင်းခေါင်းစဉ် | ခွင့်ပြုငွေ | အမှန်သုံးငွေ | ပြန်အပ်ငွေ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုရာခိုင်နှုန်း |
| ၁ | ငွေလုံးငွေရင်းစရိတ် | ၇၀၉၇.၀၅၅ | ၆၅၅၂.၆၄၀ | ၅၄၄.၄၁၅* | ၀.၁၅၀ % |
| ၂ | သာမန်အသုံးစရိတ် | ၁၄၄၀၇.၂၀၉ | ၁၃၄၆၆.၅၄၉ | ၉၄၀.၆၆၀** | ၀.၁၀၁ % |

| ၂၀၁၆–၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှန်တကယ် အသုံးစရိတ်စာရင်း (ကျပ်သန်းပေါင်း) | | | | | |
|---|---|---|---|---|---|
| စဉ် | ငွေစာရင်းခေါင်းစဉ် | ခွင့်ပြုငွေ | အမှန်သုံးငွေ | ပြန်အပ်ငွေ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုရာခိုင်နှုန်း |
| ၁ | ငွေလုံးငွေရင်းစရိတ် | ၈၂၁၆.၉၆၃ | ၈၁၇၀.၉၆၉ | ၄၅.၉၉၄*** | ၀.၁၇ % |
| ၂ | သာမန်အသုံးစရိတ် | ၁၅၂၇၉.၈၉၉ | ၁၄၅၉၅.၅၉၁ | ၆၈၄.၃၀၈**** | ၀.၁၀ % |

* ***ငွေလုံးငွေရင်းအသုံးစရိတ်***_တွင် ရေနံချောင်းမြို့နယ်တရားရုံးဆောက်လုပ်မည့်ခွင့်ပြုငွေမှာ မြေနေရာတရားဝင်မရရှိသေးသဖြင့် ဆောက်လုပ်နိုင်မှုမရှိဘဲ ငွေပြန်လည်အပ်နှံရခြင်း၊ ကုန်းကြမ်း မြို့နယ်တရားရုံးဆောက်လုပ်မည့်ခွင့်ပြုငွေမှာ အဆိုပါရုံးဆောက်လုပ်ရန်ပြုလုပ်စဉ် လုံခြုံရေးမကောင်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဆောက်လုပ်ရေးပစ္စည်းဝယ်ယူစုဆောင်း သယ်ဆောင်ရန်ခက်ခဲခြင်း၊ ကုန်းကြမ်း မြို့နယ်တွင် ဒေသခံဆောက်လုပ်ရေးကျွမ်းကျင်သည့် အလုပ်သမားများမရှိခြင်းတို့ကြောင့် ရုံးဆောက်လုပ်နိုင်ခြင်းမရှိဘဲ ပိုလျှံငွေပြန်အပ်ရပါသည်။ ထို့အပြင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက လုပ်ငန်းတန်ဖိုးငွေကို ခွင့်ပြုငွေထက် လျော့၍ သတ်မှတ်ခြင်း၊ CMS Software ရေးသားရန် ရုံပုံငွေလုံလောက်မှုမရှိခြင်း တို့ကြောင့် ပိုလျှံငွေကို ပြန်လည်အပ်နှံရခြင်းဖြစ်ပါသည်။ သို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များသို့ ခွဲဝေချထားပေးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ အပြည့်အဝအသုံးပြုနိုင်ရေး ဂရုပြုဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။_

** ***သာမန်အသုံးစရိတ်***_တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ စရိတ်ချီးမြှင့်ငွေများ ထုတ်မပေးရခြင်းကြောင့် လစာငွေတွင်ပိုလျှံပါသည်။ မော်တော်ယာဉ်ပြင်ဆင်စရိတ်တွင် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှ မော်တော်ယာဉ် ၁၇ စီးအား ပြုပြင်သုံးစွဲ၍ မရသောယာဉ်အဖြစ် သတ်မှတ်သဖြင့် ပြင်ဆင်စရိတ်လျော့နည်းရခြင်းဖြစ်ပါသည်။_

*** ***ငွေလုံးငွေရင်းအသုံးစရိတ်***_တွင် ခွင့်ပြုငွေထက် အဆောက်အဦ ဆောက်လုပ်ခွင့်ရသော တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက အဆောက်အဦတန်ဖိုးလျော့၍ ဆောက်လုပ်ကြသဖြင့် တင်ဒါပိုလျှံငွေများကို ပြန်လည်အပ်နှံရခြင်း၊ ရုံးသုံးစက်ကိရိယာပရိဘောဂ ဝယ်ယူရာတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက လုပ်ငန်းတန်ဖိုးငွေကို ခွင့်ပြုငွေထက်လျော့၍ သတ်မှတ်သဖြင့် ပိုလျှံငွေကို ပြန်လည်အပ်နှံရခြင်းဖြစ်ပါသည်။_

**** ***သာမန်အသုံးစရိတ်***_တွင် လစာငွေလျော့နည်းရခြင်းမှာ နုတ်ထွက်သွားသော၊ ပင်စင်ခံစားသော ၊ သေဆုံးသော ဝန်ထမ်းများ၏အရေအတွက်ထက် အသစ်ခန့်ထားသော အရာထမ်း၊ အမှုထမ်းများ ၏ အရေအတွက်က လျော့နည်းနေခြင်းကြောင့်ဖြစ်ပါသည်။ ကျန်သာမန်အသုံးစရိတ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြန်တမ်းဖိုး တစ်နှစ်စာကြိုတင်ပေးရသည့်တန်ဖိုးငွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ကြီးဌာနသို့ ကြိုတင်ပေးသွင်းရမှု မရှိခြင်းတို့ကြောင့် အသုံးစရိတ်လျော့ နည်းသွားပါသည်။ အခြားခေါင်းစဉ်အောက်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးချေရာတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ လျော့၍ ပေးချေရသဖြင့် ပိုလျှံငွေကိုအပ်နှံရခြင်းဖြစ်ပါသည်။_

## ၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများ

### တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာပြောင်းလဲသတ်မှတ်ခြင်း

မြို့နယ်အဆင့်တရားရုံးများရှိ ရာဇဝတ်မှုခင်းများကိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊ နစ်နာသူကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ရန်၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်နိုင်ရန်ရည်ရွယ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆) အရ ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာများကို တိုးမြှင့်ပြင်ဆင်ခဲ့ပါသည်။

တရားမမှုခင်းများကို ကြန့်ကြာမှုမရှိဘဲ ထိရောက်မြန်ဆန်စွာစစ်ဆေးနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၄.၂.၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၆) ဖြင့် ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာနှင့် ခရိုင်တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၏စီရင်ပိုင်ခွင့်ရှိသည့် တရားမမူလမှု၏တန်ဖိုးတို့ကို တိုးမြှင့်ပြင်ဆင်ခဲ့ပါသည်။

ပြင်ဆင်ထားသည့် ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် တရားမစီရင်ပိုင်ခွင့်အာဏာတို့ကို “တရားရုံးဖွဲ့စည်းပုံ” ခေါင်းစဉ်အောက်ရှိ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ပိုင်ခွင့်တွင် ဖော်ပြထားပါသည်။

### မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများစစ်ဆေးစီရင်မှုအခြေအနေကိုပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏သက်တမ်းကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

### ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း


ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့ စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကိုတိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့ စွဲတင်ပို့သောအမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။

## *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏လုပ်ငန်းပမာဏ*

ဇယား(၁)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စွဲဆိုလျှောက်ထားသည့် အမှုပေါင်း ၄၁၇၇ မှုဖြစ်သည်။ စွဲဆိုလျှောက်ထားသည့်အမှုသည် ယခင်နှစ်ထက် ၄.၅% ပိုမိုများပြားခဲ့သော်လည်း မှုခင်းအားလုံး၏ပြီးပြတ်နှုန်းသည် ၈၉% မှ ၉၁% သို့ တိုးတက်ခဲ့ပါသည်။ စာချွန်တော်အမှုများ၏ ပြီးပြတ်မှုနှုန်းသည် စာချွန်တော်အမှု (၄၅) မှု အားပြန်လည်ကြားနာခဲ့ရသည့်အတွက် လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

*ဇယား . ၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅–၂၀၁၆*

| | 2015 | | | | 2016 | | | |
|---|---|---|---|---|---|---|---|---|
| | **Criminal** | **Civil** | **Writs** | **Total** | **Criminal** | **Civil** | **Writs** | **Total** |
| **Newly Filed** | 1384 | 2393 | 212 | 3989 | 1382 | 2495 | 300 | 4177 |
| **Decided** | 1269 | 2072 | 220 | 3561 | 1269 | 2350 | 192 | 3811 |
| **Clearance Rate %** | **92%** | 87% | 104% | 89% | 92% | 94% | 64% | 91% |




*တရားလွှတ်တော်များ၏လုပ်ငန်းပမာဏ*

ဇယား (၂) တွင် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ် အလိုက်အမှုပြီးပြတ်နှုန်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် တရားလွှတ်တော်များ၌ စုစုပေါင်းအမှုပြီးပြတ်နှုန်းသည် ယခင်နှစ်အတိုင်းဖြစ်ပါသည်။

*ဇယား ၂ တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၆*

| | 2015 | | | 2016 | | |
|---|---|---|---|---|---|---|
| | Criminal | Civil | Total | Criminal | Civil | Total |
| Newly Filed | 6267 | 4800 | 11067 | 5227 | 5782 | 11009 |
| Decided | **6398** | 4420 | 10818 | 5599 | 5127 | 10726 |
| Clearance Rate % | **102%** | 92% | 98% | 107% | 89% | 98% |




***ခရိုင်တရားရုံးများ၏လုပ်ငန်းပမာဏ***

ဇယား(၃)တွင် ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် ခရိုင်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၃၀၈၁၈ မှုရှိပြီး ယခင်နှစ်ထက် ၁၀% ပိုမိုများပြားကာ၊ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ယခင်နှစ် ၉၇% မှ ၉၁% သို့ လျော့နည်းခဲ့ပါသည်။

*ဇယား . ၃ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅–၂၀၁၆*

| | **2015** | | | **2016** | | |
|---|---|---|---|---|---|---|
| | **Criminal** | **Civil** | **Total** | **Criminal** | **Civil** | **Total** |
| **Newly Filed** | 13697 | 12213 | 25910 | 18034 | 12784 | 30818 |
| **Decided** | **14158** | 10965 | 25123 | 16520 | 11546 | 28066 |
| **Clearance Rate %** | **103%** | 89% | 97% | 91% | 90% | 91% |




## မြို့နယ်တရားရုံးများ၏ လုပ်ငန်းပမာဏ

ဇယား(၄)တွင် မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် မြို့နယ်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၃၇၀၈၃၅ မှုရှိပြီး ယခင်နှစ်ထက် ၈% ပိုမိုများပြားကာ၊ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ယခင်နှစ် ၉၉% မှ ၉၈% သို့ အနည်းငယ် လျော့နည်းခဲ့ပါသည်။

*ဇယား . ၄ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅–၂၀၁၆*

| | 2015 | | | 2016 | | |
|---|---|---|---|---|---|---|
| | **Criminal** | **Civil** | **Total** | **Criminal** | **Civil** | **Total** |
| **Newly Filed** | 317246 | 23506 | 340752 | 346669 | 24166 | 370835 |
| **Decided** | 315988 | 23039 | 339027 | 341587 | 23757 | 365344 |
| **Clearance Rate %** | 100% | 98% | 99% | 99% | 98% | 98% |




## အခြားတရားရုံးများ၏လုပ်ငန်းပမာဏ

ဇယား (၅) တွင် အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို ဖော်ပြထားပါသည်။ အခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ်တရားရုံးများ၊ စည်ပင်သာယာတရားရုံးများနှင့် ကလေးသူငယ်တရားရုံးများသည် စွဲဆိုသောအမှုခင်းများကို ၁၀၀% စစ်ဆေးပြီးပြတ်ပါသည်။

*ဇယား .၅ အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၆*

| | 2015 | | | | 2016 | | | |
|---|---|---|---|---|---|---|---|---|
| | **Traffic Courts** | **Municipal Courts** | **Juvenile courts** | **Total** | **Traffic courts** | **Municipal courts** | **Juvenile courts** | **Total** |
| **Newly Filed** | 308873 | 61669 | 396 | 370938 | 134447 | 32137 | 307 | 166891 |
| **Decided** | 308873 | 61844 | 399 | 371116 | 134447 | 32233 | 303 | 166983 |
| **Clearance Rate %** | 100% | 100% | 101% | 100% | 100% | 100% | 99% | 100% |



## ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း


ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းသည် တရားရုံး၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှု စွမ်းရည်ကိုတိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ တစ်နှစ်အထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် သုံးနှစ်အထက်ကြာမြင့်သည့်တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။


### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်ရာဇဝတ်နှင့်တရားမဆိုင်ရာအယူခံမှုများ၊ ပြင်ဆင်မှုများ၊ အထွေထွေလျှောက်ထားမှုများ၊ စာချွန်တော်လျှောက်ထားမှုတို့ကို စစ်ဆေး ပါသည်။ ဇယား (၆) (၇) (၈) တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး အမှုများ၏သက်တမ်းကို ဖော်ပြထားပါသည်။ ၂၀၁၆ခုနှစ်တွင် ဆုံးဖြတ်ပြီးအမှုပေါင်း ၃၈၁၁ ရှိပြီး၊ ရာဇဝတ်မှုများ၏ ၇၀%၊ တရားမမှုများ၏ ၉၆% နှင့် စာချွန်တော်အမှုများ၏ ၇၆% ကို (၆) လအတွင်း ဆုံးဖြတ်ခဲ့ပါသည်။ ၁ နှစ် အထက် ကြန့်ကြာသည့် ဆုံးဖြတ်ပြီးရာဇဝတ်မှု ၁၅ မှု မှာ ရာဇဝတ်အယူခံမှု ၁၃ မှု နှင့် ရာဇဝတ်ပြင်ဆင်မှု ၂ မှု ဖြစ်ပြီး လျှောက်ထားခံရသူထံ ဆင့်စာ အတည်ပြုရန် ဆောင်ရွက်နေရ၍ ကြန့်ကြာခြင်းဖြစ်ပါသည်။

*ဇယား . ၆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ပြီး (ရာဇဝတ်) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆*


| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 951 | 75% | 736 | 58% |
| 3-6 Months | 252 | 20% | 146 | 12% |
| 6-12 Months | 66 | 5% | 372 | 29% |
| Over 12 Months | - | - | 15 | 1% |
| Total | 1269 | 100% | 1269 | 100% |




ဇယား .၇ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ပြီး (တရားမ) အမှုများ၏သက်တမ်း ၂၀၁၅- ၂၀၁၆


| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 1047 | 50% | 979 | 42% |
| **3-6 Months** | 1014 | 49% | 1275 | 54% |
| **6-12 Months** | 11 | 1% | 96 | 4% |
| **Over 12 Months** | - | - | - | - |
| **Total** | **2072** | **100%** | **2350** | **100%** |





ဇယား.၈ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ပြီး(စာချွန်တော်)အမှုများ၏သက်တမ်း ၂၀၁၅- ၂၀၁၆

| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 125 | 57% | 30 | 16% |
| **3-6 Months** | 67 | 30% | 115 | 60% |
| **6-12 Months** | 28 | 13% | 47 | 24% |
| **Over 12 Months** | - | - | - | - |
| **Total** | **220** | **100%** | **192** | **100%** |








### *တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

တရားလွှတ်တော်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှုနှင့် အယူခံမှုများကို စစ်ဆေးပါသည်။ ဇယား(၉)နှင့်(၁၀)တို့တွင် တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် တရားလွှတ်တော်များ၌ ဆုံးဖြတ်ပြီးအမှုပေါင်း ၁၀၇၂၆ ရှိပြီး ရာဇဝတ်မှုများ၏ ၈၀% နှင့် တရားမမှုများ၏ ၆၁% ကို (၆) လအတွင်း စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ တစ်နှစ်အထက်ကြာမြင့်သည့် ဆုံးဖြတ်ပြီးရာဇဝတ်မှု ၅၃၂ မှုရှိပြီး၊ ရာဇဝတ်အထွေထွေမှု ၃၀ မှု၊ ရာဇဝတ် အယူခံမှု ၁၉၃ မှု နှင့် ရာဇဝတ်ပြင်ဆင်မှု ၃၀၉ မှုဖြစ်ပါသည်။ သုံးနှစ်အထက် ကြာမြင့်သည့် ဆုံးဖြတ်ပြီးတရားမမှုပေါင်း ၁၀၂ မှု ရှိပြီး တရားမမူလမှု ၈၂ မှု၊ တရားမ ဇာရီ ၁၈ မှု နှင့် တရားမအယူခံ ၂ မှုဖြစ်ပါသည်။

*ဇယား. ၉ တရားလွှတ်တော်များ၏ဆုံးဖြတ်ပြီး (ရာဇဝတ်) အမှုများ၏သက်တမ်း ၂၀၁၅–၂၀၁၆*


| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 3390 | 53% | 3290 | 59% |
| 3-6 Months | 1569 | 24% | 1188 | 21% |
| 6-12 Months | 956 | 15% | 589 | 11% |
| Over 12 Months | 483 | 8% | 532 | 9% |
| **Total** | **6398** | **100%** | **5599** | **100%** |





*ဇယား. ၁၀ တရားလွှတ်တော်များ၏ဆုံးဖြတ်ပြီး (တရားမ) အမှုများ၏သက်တမ်း ၂၀၁၅–၂၀၁၆*

| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 1810 | 41% | 2060 | 40% |
| 3-6 Months | 1199 | 27% | 1072 | 21% |
| 6-12 Months | 1238 | 28% | 1747 | 34% |
| 12-36 Months | 163 | 4% | 146 | 3% |
| Over 36 Months | 10 | - | 102 | 2% |
| **Total** | **4420** | **100%** | **5127** | **100%** |








### ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှုနှင့်အယူခံမှုများကို စစ်ဆေးပါသည်။ ဇယား (၁၁) နှင့် (၁၂) တို့တွင် ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုစုစုပေါင်း ၂၈၀၆၆ ရှိပြီး၊ ရာဇဝတ်မှုများ၏ ၉၂% နှင့် တရားမ မှုများ၏ ၆၀% ကို (၆) လအတွင်း စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် တစ်နှစ် အထက်ကြာမြင့်သည့် ဆုံးဖြတ်ပြီးရာဇဝတ်မှု ၂၂၁ မှုရှိပြီး၊ ရာဇဝတ်မူလမှု ၁၈၀ မှု၊ ရာဇဝတ်အထွေထွေမှု ၃၉ မှု နှင့် ရာဇဝတ်ပြင်ဆင်မှု ၂ မှုဖြစ်ပါသည်။ သုံးနှစ်အထက် ကြာမြင့်သည့် ဆုံးဖြတ်ပြီးတရားမမှုပေါင်း ၃၇၅ မှု ရှိပြီး တရားမမူလမှု ၃၁၁ မှု၊ တရားမ အထွေထွေမှု ၁၆ မှု နှင့် တရားမဇာရီ ၄၈ မှုဖြစ်ပါသည်။

*ဇယား . ၁၁ ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီး(ရာဇဝတ်) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆*


| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 8753 | 62% | 10252 | 62% |
| **3-6 Months** | 3814 | 27% | 4884 | 30% |
| **6-12 Months** | 1237 | 9% | 1163 | 7% |
| **Over 12 Months** | 354 | 2% | 221 | 1% |
| **Total** | **14158** | **100%** | **16520** | **100%** |





*ဇယား . ၁၂ ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီး(တရားမ) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆*

| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 1363 | 12% | 1650 | 14% |
| **3-6 Months** | 5498 | 50% | 5278 | 46% |
| **6-12 Months** | 2576 | 24% | 2828 | 25% |
| **12-36 Months** | 1322 | 12% | 1415 | 12% |
| **Over 36 Months** | 206 | 2% | 375 | 3% |
| **Total** | **10965** | **100%** | **11546** | **100%** |








## မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

မြို့နယ်တရားရုံးများသည် မူလမှုစစ်ဆေးသည့် တရားရုံးများဖြစ်ပါသည်။ မြို့နယ်တရားရုံးများရှိ ရာဇဝတ်မှုများ၏ ၉၆% ကို (၆) လအတွင်း၊ တရားမမှုများ၏ ၉၀% ကို တစ်နှစ်အတွင်း စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ ဇယား(၁၃) နှင့် (၁၄) တို့တွင် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် ဆုံးဖြတ်ပြီးအမှု စုစုပေါင်း ၃၆၅၃၄၄ ရှိပြီး၊ တစ်နှစ်အထက် ကြာမြင့်သည့် ဆုံးဖြတ်ပြီးရာဇဝတ်မှုပေါင်း ၃၄၈၂ မှုရှိပြီး ရာဇဝတ်မှုလမှု ၃၀၀၈ မှု နှင့် ရာဇဝတ် အထွေထွေမှု ၄၇၄ မှု ဖြစ်ပါသည်။ သုံးနှစ်အထက်ကြာမြင့်သည့် ဆုံးဖြတ်ပြီး တရားမမှုပေါင်း ၃၀၅ မှုရှိပြီး တရားမမူလမှု ၁၆၁ မှု နှင့် တရားမဇာရီ ၁၄၄ မှု ဖြစ်ပါသည်။

**ဇယား . ၁၃ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး (ရာဇဝတ်) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆**


| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Daily | 210727 | 67% | 230042 | 67% |
| Below 3 Months | 63404 | 20% | 71166 | 21% |
| 3-6 Months | 27466 | 9% | 27767 | 8% |
| 6-12 Months | 10095 | 3% | 9130 | 3% |
| Over 12 Months | 4294 | 1% | 3482 | 1% |
| **Total** | **315986** | **100%** | **341587** | **100%** |





**ဇယား .၁၄ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး (တရားမ) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆**

| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 6 Months | 13939 | 61% | 14394 | 61% |
| 6-12 Months | 6795 | 29% | 6982 | 29% |
| 12-36 Months | 2103 | 9% | 2076 | 9% |
| Over 36 Months | 202 | 1% | 305 | 1% |
| **Total** | **23039** | **100%** | **23757** | **100%** |



## စစ်ဆေးဆဲအမှုများ၏ သက်တမ်း


စစ်ဆေးဆဲအမှုများ၏ သက်တမ်းသည် တရားရုံး၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ရန် ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် စစ်ဆေးဆဲအမှုအရေအတွက်နှင့် ကြာမြင့်သည့် ကာလ အလိုက်အမှုအရေအတွက်တို့၏အချိုးအစားကိုတွက်ချက်ခြင်းဖြစ်ပါသည်။ တစ်နှစ်အထက် ကြာမြင့် သည့်ရာဇဝတ်မှုနှင့် သုံးနှစ်အထက်ကြာမြင့်သည့်တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထား ပါသည်။


### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း*

ဇယား (၁၅) (၁၆) နှင့် (၁၇) တို့ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ အမှုများ၏သက်တမ်းကိုဖော်ပြထားပြီး ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှု စုစုပေါင်း ၁၉၄၁ မှုဖြစ်သည်။ ၁ နှစ်အထက် ကြာမြင့်သည့် စစ်ဆေးဆဲ တရားမမှု နှင့် စာချွန်တော်မှုမရှိပါ။ ၁ နှစ် အထက် ကြာမြင့်သည့် စစ်ဆေးဆဲ ရာဇဝတ်မှု ၁၀ မှုမှာ ရာဇဝတ်အယူခံ ၅ မှု နှင့် ရာဇဝတ်ပြင်ဆင် ၅ မှုဖြစ်ပါသည်။

*ဇယား .၁၅ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ (ရာဇဝတ်)အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆*


| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 165 | 41% | 250 | 48% |
| **3-6 Months** | 190 | 47% | 158 | 30% |
| **6-12 Months** | 51 | 12% | 101 | 20% |
| **Over 12 Months** | - | - | 10 | 2% |
| **Total** | **406** | **100%** | **519** | **100%** |




**ဇယား .၁၆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ (တရားမ) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆**


| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 367 | 33% | 491 | 39% |
| 3-6 Months | 754 | 67% | 773 | 61% |
| 6-12 Months | - | - | 2 | - |
| Over 12 Months | - | - | - | - |
| Total | 1121 | 100% | 1266 | 100% |





**ဇယား . ၁၇ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ (စာချွန်တော်) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆**

| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 6 | 13% | 81 | 52% |
| 3-6 Months | 26 | 54% | 67 | 43% |
| 6-12 Months | 16 | 33% | 8 | 5% |
| Over 12 Months | - | - | - | - |
| Total | 48 | 100% | 156 | 100% |








## *တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း*

ဇယား (၁၈) နှင့် (၁၉) တို့ တွင် တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို ဖော်ပြထားပြီး၂၀၁၆ ခုနှစ် နှစ်ကုန်တွင် တရားလွှတ်တော်များ၏ စစ်ဆေးဆဲ အမှုစုစုပေါင်း ၅၇၁၇ မှုဖြစ်ပါသည်။ ၁နှစ်အထက် ကြာမြင့်သည့် စစ်ဆေးဆဲရာဇဝတ်မှု ၆၀၈ မှုရှိပြီး ရာဇဝတ်အထွေထွေမှု ၃ မှု၊ ရာဇဝတ်အယူခံမှု ၂၇၁ မှု၊ ရာဇဝတ်ပြင်ဆင်မှု ၃၃၄ မှု ဖြစ်ပါသည်။ ၃ နှစ် အထက် ကြာမြင့်သည့် စစ်ဆေးဆဲတရားမမှုမှာ ၈၁ မှု ဖြစ်ပြီး တရားမ မူလမှု ၆၁ မှု၊ တရားမအထွေထွေမှု ၁ မှု၊ တရားမဇာရီမှု ၁၈မှု နှင့် တရားမအယူခံမှု ၁ မှုတို့ ဖြစ်ပါသည်။

***ဇယား . ၁၈*** *တရားလွှတ်တော်များ၏ စစ်ဆေးဆဲ (ရာဇဝတ်) အမှုများ၏သက်တမ်း ၂၀၁၅– ၂၀၁၆*


| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 841 | 32% | 1022 | 44% |
| **3-6 Months** | 579 | 22% | 387 | 17% |
| **6-12 Months** | 431 | 16% | 284 | 12% |
| **Over 12 Months** | 789 | 30% | 608 | 27% |
| **Total** | **2640** | **100%** | **2301** | **100%** |





***ဇယား.၁၉*** *တရားလွှတ်တော်များ၏ စစ်ဆေးဆဲ (တရားမ) အမှုများ၏သက်တမ်း ၂၀၁၅–၂၀၁၆*

| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 1308 | 48% | 1445 | 42% |
| **3-6 Months** | 701 | 25% | 1162 | 34% |
| **6-12 Months** | 505 | 18% | 661 | 19% |
| **12-36 Months** | 106 | 4% | 67 | 2% |
| **Over 36 Months** | 137 | 5% | 81 | 3% |
| **Total** | **2757** | **100%** | **3416** | **100%** |








## ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

ဇယား (၂၀) နှင့်(၂၁)တို့တွင်ခရိုင်တရားရုံးများရှိစစ်ဆေးဆဲအမှုများ၏သက်တမ်းကို ဖော်ပြထားပြီး၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ခရိုင်တရားရုံးများ၏စစ်ဆေးဆဲအမှုစုစုပေါင်း ၁၆၈၉၃ မှုဖြစ်သည်။ ၁နှစ်အထက်ကြာမြင့်သည့်စစ်ဆေးဆဲရာဇဝတ်မှု ၉၉ မှုရှိပြီး ရာဇဝတ်မှုလမှု ၈၇ မှု နှင့် ရာဇဝတ်အထွေထွေမှု ၁၂ မှုဖြစ်ပါသည်။ ၃နှစ်အထက်ကြာမြင့်သည့် စစ်ဆေးဆဲ တရားမမှု ၉၅၆ မှု ရှိပြီး တရားမ မူလမှု ၆၆၉၊ တရားမအထွေထွေမှု ၂ မှု နှင့် တရားမဇာရီမှု ၂၈၅ မှု ဖြစ်ပါသည်။

***ဇယား ၂၀ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ (ရာဇဝတ်) အမှုများ၏သက်တမ်း၂၀၁၅– ၂၀၁၆***


| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 2068 | 59% | 3389 | 66% |
| 3-6 Months | 1006 | 29% | 1380 | 27% |
| 6-12 Months | 323 | 9% | 278 | 5% |
| Over 12 Months | 92 | 3% | 99 | 2% |
| Total | **3489** | **100%** | **5146** | **100%** |





***ဇယား ၂၁ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ (တရားမ) အမှုများ၏သက်တမ်း၂၀၁၅– ၂၀၁၆***

| | 2015 | | 2016 | |
|---|---|---|---|---|
| | Counts | Percentage | Counts | Percentage |
| Below 3 Months | 228 | 2% | 210 | 2% |
| 3-6 Months | 3702 | 36% | 4881 | 42% |
| 6-12 Months | 3359 | 32% | 4052 | 34% |
| 12-36 Months | 2267 | 22% | 1648 | 14% |
| Over 36 Months | 810 | 8% | 956 | 8% |
| Total | **10366** | **100%** | **11747** | **100%** |








## မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

ဇယား (၂၂) နှင့် (၂၃) တို့ တွင်မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို ဖော်ပြထားပြီး ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်နှင့်တရားမမှု စုစုပေါင်း ၅၆၉၄၄ မှုဖြစ်ပါသည်။ ၁နှစ်အထက် ကြာမြင့်သည့် စစ်ဆေးဆဲ ရာဇဝတ်မှု ၂၈၇၉ မှု ရှိပြီး ရာဇဝတ်မူလမှု ၂၄၄၀ မှု နှင့် ရာဇဝတ်အထွေထွေမှု ၄၃၉ မှု ဖြစ်ပါ သည်။ ၃နှစ်အထက် ကြာမြင့်သည့် စစ်ဆေးဆဲတရားမမှုမှာ ၅၁၂ မှုရှိပြီး တရားမမူလမှု ၁၃၅ မှု ၊ တရားမအထွေထွေမှု ၂ မှု နှင့် တရားမဇာရီမှု ၃၇၅ မှု ဖြစ်ပါသည်။

*ဇယား ၂၂ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ (ရာဇဝတ်) အမှုများ၏သက်တမ်း ၂၀၁၅–၂၀၁၆*


| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 3 Months** | 16814 | 50% | 19989 | 50% |
| **3-6 Months** | 10539 | 31% | 11759 | 30% |
| **6-12 Months** | 4304 | 13% | 5172 | 13% |
| **Over 12 Months** | 2174 | 6% | 2879 | 7% |
| **Total** | **33831** | **100%** | **39799** | **100%** |





*ဇယား ၂၃ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ (တရားမ) အမှုများ၏သက်တမ်း ၂၀၁၅–၂၀၁၆*

| | 2015 | | 2016 | |
|---|---|---|---|---|
| | **Counts** | **Percentage** | **Counts** | **Percentage** |
| **Below 6 Months** | 9135 | 55% | 9653 | 56% |
| **6-12 Months** | 4947 | 30% | 5016 | 29% |
| **12-36 Months** | 2173 | 13% | 1964 | 12% |
| **Over 36 Months** | 303 | 2% | 512 | 3% |
| **Total** | **16558** | **100%** | **17145** | **100%** |



## အခြားကြိုးပမ်းဆောင်ရွက်မှုများ

### ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု

#### *ရုံးခွန်*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်တော်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့်သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| တရားရုံးများ | ရုံးခွန်ရရှိငွေ |
|---|---:|
| ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁၃၈၂၃၆၉၉၈.၀၀ ကျပ် |
| တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ | ၃၆၈၈၇၈၃၂၇.၀၀ ကျပ် |
| ခရိုင်တရားရုံးများ | ၁၀၆၂၆၀၈၄၀၉.၆၅ ကျပ် |
| မြို့နယ်တရားရုံးများ | ၁၉၀၉၉၁၀၀၇.၉၉ ကျပ် |
| စုစုပေါင်း | ၁၇၆၀၇၁၄၇၄၂.၆၄ ကျပ် |

#### *ဒဏ်ငွေ*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှကောက်ခံရရှိသောဒဏ်ငွေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။

တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသော ရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရာတွင် ဒဏ်ငွေတပ်သည့်အမှုများပါဝင်ပါသည်။ ၂၀၁၆ခုနှစ်အတွင်းတရားရုံးအဆင့်ဆင့်ကတပ်ရိုက်သည့် ဒဏ်ငွေနှင့်ကောက်ခံရရှိသည့်ဒဏ်ငွေများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| တရားရုံးများ | တပ်ရိုက်ဒဏ်ငွေ | ကောက်ခံရဒဏ်ငွေ | ယခင်ကာလအပါအဝင် ကြွေးကျန် |
|---|:---:|:---:|:---:|
| တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ | ၃၄၀၀၀၀ ကျပ် | ၃၄၀၀၀၀ ကျပ် | – |
| ခရိုင်တရားရုံးများ | ၂၈၀၅၀၀၀ ကျပ် | ၂၈၀၅၀၀၀ ကျပ် | ၂၇၉၀၅၀၀၀ ကျပ် |
| မြို့နယ်တရားရုံးများ | ၇၁၄၈၄၂၁၇၃၃ ကျပ် | ၇၁၃၈၄၂၁၇၃၃ ကျပ် | ၁၅၅၀၀၀၀၀ ကျပ် |

အချို့ရာဇဝတ်မှုများတွင် တရားခံများက ပေးဆောင်မှုမရှိ၍ ဒဏ်ငွေကြွေးကျန်ခြင်းဖြစ်ပါသည်။ တရားရုံးများက ကျန်ရှိဒဏ်ငွေများကို ကောက်ခံရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပါသည်။ တရားခံများက ကြီးလေးသောထောင်ဒဏ်ကျခံပြီး ဒဏ်ငွေပေးဆောင်နိုင်သည့် အခြေအနေမရှိခြင်း၊ ဒဏ်ငွေကြွေးကျန်များကို မြေခွန်မပြေကျန်ငွေကဲ့သို့ကောက်ခံရန် ဆောင်ရွက်ရာတွင် တရားခံပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ တစ်စုံတစ်ရာမရှိခြင်း၊ တရားခံများသည် လိပ်စာအတည်တကျနေထိုင်မှုမရှိခြင်းတို့ကြောင့် သတ်မှတ်နည်းလမ်းအတိုင်းကောက်ခံရန် မဖြစ်နိုင်သည့်အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြဆောင်ရွက်ပါသည်။ ယင်းတင်ပြချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ ခွင့်ပြုသင့်သည်များကို ပယ်ဖျက်ရန် ဆောင်ရွက်ပေးပါသည်။ ကျန်ဒဏ်ငွေများကို ဥပဒေနှင့်အညီဆက်လက်ကောက်ခံရေးအတွက်ကြီးကြပ်ဆောင်ရွက်နေပါသည်။

## တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်း လိုက်နာမှုတို့ကို ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သော အရေးယူဆောင်ရွက်မှု ပြုလုပ်ပါသည်။

ထို့အပြင်တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူတိုင်ကြားမှုများနှင့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ လွှတ်တော်များ၊ လွှတ်တော်ကော်မတီများမှ တစ်ဆင့်ပေးပို့တိုင်ကြားမှုများကိုလည်း နည်းလမ်းတကျစိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးအဖွဲ့သည် တိုင်ကြားစာအမျိုးအစားအလိုက် စာရင်းရေးသွင်း၍ကနဦးစိစစ်ပါသည်။ တိုင်ကြားစာတွင် တိုင်ကြားသူ၏ လိပ်စာမှန်ကန်စွာဖော်ပြ၍ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်မဟုတ်သည့် တရားရုံး၏ ဆောင်ရွက်မှုအပေါ် တိုင်ကြားစာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး ဦးဆောင်သည့် တိုင်ကြားစာစိစစ်ပြန်ကြားရေးကော်မတီက စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်ပါသည်။

၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ လက်ခံရရှိခဲ့သည့် တိုင်ကြားစာ (၂၀၇၁) စောင်တွင် (၁၉၈၃) စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး ကျန်တိုင်ကြားစာ (၈၈) စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန် တိုင်ကြားစာ (၁၁၆၉) စောင် နှင့် တိုင်တန်းမှုမမှန်ကန်သည့် တိုင်ကြားစာ (၈၀၆) စောင်ကို ပိတ်သိမ်းခဲ့ပါသည်။ လက်အောက်ဝန်ထမ်းအပေါ် ကြီးကြပ်မှုအားနည်းခြင်း၊ ဥပဒေလုပ်ထုံး၊ လုပ်နည်းမလိုက်နာခြင်းနှင့် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ ပေါ်ပေါက်သည့် တိုင်ကြားစာ (၈) စောင်ကို အရေးယူဆောင်ရွက်ခဲ့ပါသည်။

| ရရှိ သည့် တိုင်စာ | စုံစမ်းစစ်ဆေးသည့် တိုင်စာများ | | | |
|---|---|---|---|---|
| | စုံစမ်းစစ်ဆေးမှု ပြုလုပ်ဆဲ | တရားစီရင်ရေးလမ်းကြောင်း အရ ဆောင်ရွက်ရန် ပိတ်သိမ်းခြင်း | တိုင်တန်းမှုမမှန်ကန် ၍ ပိတ်သိမ်းခြင်း | အရေးယူ အပြစ်ပေးခြင်း |
| ၂၀၇၁ | ၈၈ | ၁၁၆၉ | ၈၀၆ | ၈ |

၂၀၁၆ ခုနှစ်အတွင်း တိုင်ကြားစာအရပေါ်ပေါက်၍ အရေးယူမှုအပါအဝင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းခြင်းတို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိ / တရားသူကြီး (၇၅) ဦး၊ ရုံးဝန်ထမ်း (၄၁) ဦး၊ စုစုပေါင်း (၁၁၆) ဦးတို့အား ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ် အရေးယူခဲ့ပါသည်။ ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှုအခြေအနေကို **နောက်ဆက်တွဲ (ခ)** တွင် ဖော်ပြထားပါသည်။

## လူ့စွမ်းအားအရင်းအမြစ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများတွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် စီရင်ပိုင်ခွင့်အာဏာအရပ်ရပ် ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်းတို့ ပြုလုပ်ပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ၊ တရားသူကြီး ၁၂၈၅ ဦးနှင့် ရုံးဝန်ထမ်း ၄၃၀၁ ဦး ရှိပါသည်။ ၂၀၁၆ ခုနှစ်အတွင်း တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ်တရားသူကြီး) ၁၅၉ ဦး ကိုအသစ်ခန့်အပ်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများ၊ တရားသူကြီးများ နှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက်အင်အားစာရင်းကို **နောက်ဆက်တွဲ (ဂ)** တွင် ဖော်ပြထားပါသည်။

## လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု

တရားသူကြီးများ၏အရည်အသွေးပြည့်ဝမှုသည် ပြည်သူအများယုံကြည်အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးတွင် အဓိကဖြစ်သည်ဟု ခံယူထားသည့်အတိုင်း တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် စဉ်ဆက်မပြတ်အားထုတ် ဆောင်ရွက်လျက် ရှိပါသည်။

တရားစီရင်ရေးဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လေ့ကျင့်သင်တန်းကျောင်းတွင် ပုံမှန်သင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း တရားသူကြီးအသစ်များအတွက် လုပ်ငန်းဝင်သင်တန်း (၂) ကြိမ်၊ မြို့နယ်အဆင့် တရားသူကြီးများအတွက် မွမ်းမံသင်တန်း (၁) ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။



*တရားသူကြီးအသစ်များအတွက် လုပ်ငန်းဝင်သင်တန်းကို လှိုင်သာယာသင်တန်းကျောင်း၌ ကျင်းပစဉ်*



တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေး သင်တန်း(၁၁)ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။

အထူးပြုဥပဒေဘာသာရပ်များတွင် ကျွမ်းကျင်မှုရှိစေရန် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့်အလုပ်ရုံ ဆွေးနွေးပွဲ (၁၃) ကြိမ် ကျင်းပခဲ့ပါသည်။

*တရားသူကြီးများနှင့် တရားရေးအရာရှိများ အတွက် တရားဥပဒေစိုးမိုးရေးသင်တန်းကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ပြုလုပ်စဉ်*







*ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအသွင်ပြောင်းလဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကျင်းပစဉ်*

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် မဟာဥပဒေဘွဲ့ သင်တန်းတက်ရောက်ရန် တရားသူကြီး (၁၂) ဦး၊ ဥပဒေပါရဂူဘွဲ့သင်တန်းတက်ရောက်ရန် တရားသူကြီး (၂) ဦး၊ နိုင်ငံခြားပညာတော်သင်အစီအစဉ်ဖြင့် မဟာဥပဒေဘွဲ့သင်တန်းတက်ရောက်ရန် တရားသူကြီး (၂) ဦး၊ ဥပဒေပါရဂူ ဘွဲ့သင်တန်းတက်ရောက်ရန် တရားသူကြီး (၁) ဦး တို့ကို စေလွှတ်ပေးခဲ့ပါသည်။

တရားရုံးဝန်ထမ်းများအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တွင် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း(၃)ကြိမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် တရားရုံးဝန်ထမ်းအဆင့်ဆင့်၏ တရားရုံးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်း(၁၅) ကြိမ်၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးသင်တန်း (၅) ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။



*တရားရုံးဝန်ထမ်းများအတွက် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းပြုလုပ်စဉ်*



*တရားရုံးဝန်ထမ်းများအတွက် တရားဥပဒေစိုးမိုးရေးသင်တန်းပြုလုပ်စဉ်*


## သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များ

၂၀၁၆ ခုနှစ်အတွင်း တရားရုံးများ၏စီမံခန့်ခွဲရေးလုပ်ငန်း၊ မှုခင်းစီမံခန့်ခွဲရေးလုပ်ငန်းများ၊ အများပြည်သူသို့ သတင်းအချက်အလက်ဖြန့်ဝေသည့်လုပ်ငန်းတို့ ထိရောက်အောင်မြင်စေရန် သတင်းအချက်အလက်နည်းပညာအသုံးပြုမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် Network Infrastructure များ တိုးချဲ့တည်ဆောက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်Website အား လွယ်လင့်တကူ ဝင်ရောက်ကြည့်ရှုနိုင်ရေးအတွက် Website Upgrade ပြုလုပ်ခြင်း နှင့် Mobile Responsive ထည့်သွင်းခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ချမှတ်မည့် အမှုများ၊ ကြိုတင်သတိပေးအမှုစာရင်းများကို LED TV များဖြင့် ပြသနိုင်ရေးအတွက် တပ်ဆင်ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ရုံးအဆင့်ဆင့်တွင် အမှုလက်ခံဆောင်ရွက်ရာ၌ မှန်ကန်မြန်ဆန်မှု ၊ အချိန်ကုန်သက်သာမှုရှိစေရန်အပြင် ပိုမိုထိရောက်စေရန်အတွက် လက်ရှိကျင့်သုံးနေသော သမားရိုးကျ အမှုလက်ခံဆောင်ရွက်သည့် စနစ်အစား Case Management System (CMS) စနစ် ပြောင်းလဲအစားထိုးကျင့်သုံးနိုင်ရန် စတင်ရေးသားဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် (၉) ခုတို့အကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Video Conferencing System တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ တရားစီရင်ရေးနယ်ပယ်တွင် ICT နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ် ၂၀ မဟာဗျူဟာစီမံကိန်း၏ ပထမ အဆင့်အဖြစ် ၅ နှစ် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။



*ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊*
*ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ရှမ်းပြည်နယ်တရားလွှတ်တော် တို့*
*Video Conferencing System အပြန်အလှန် စမ်းသပ်ဆောင်ရွက်နေစဉ်*






## အများပြည်သူအတွက် တရားရုံးလုပ်ငန်းများလက်လှမ်းမီရေးနှင့် အသိအမြင်မြင့်တင်ရေး ဆောင်ရွက်ပေးခြင်း

မြန်မာတရားစီရင်ရေးသည် ပြည်သူတို့၏တရားမျှတမှုလက်လှမ်းမီစေရေးနှင့် အသိအမြင်မြင့်တင်ရေးအတွက် အမှုများကိုမျှတလျင်မြန်စွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် အကူအညီနှင့် သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website: http://www.unionsupremecourt.gov.mm တွင် တရားရုံးဆိုင်ရာသတင်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုတင်အမှုခေါ် စာရင်းများ၊ စီရင်ချက်ချမှတ်မည့်အမှုများစာရင်းကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ခြင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက် ချမှတ်မည့်အမှုများစာရင်းကို လွှင့်တင်ဖော်ပြပေးခြင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ စတင်၍ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ @ousc.publicrelations** လူမှုကွန်ယက်မှ တစ်ဆင့် ပြည်သူလူထုအတွင်းသို့ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

တရားရုံးများနှင့် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများကို အများပြည်သူသိရှိစေရန် တရားစီရင်ရေး၏မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၏ ဒုတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၆) စာအုပ်၊ တရားမမှု၊ ရာဇဝတ်မှုနှင့် စာချွန်တော်အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ၊ "မြန်မာနိုင်ငံတရားစီရင်ရေး (၂၀၁၁-၂၀၁၅) နှင့် မဟာဗျူဟာပထမနှစ်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ" စာအုပ် နှင့် တရားစီရင်ရေး၏မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၏ တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၇) စာအုပ်အားထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးတို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း/အမှုထမ်း(၃၇)ဦး၊ ဒဂုံတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ (၁၄၆) ဦး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ဥပဒေပညာဌာနမှဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူစုစုပေါင်း(၁၃၉)ဦးနှင့်ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အုပ်ချုပ်သူဥပဒေအရာရှိများနှင့် ဥပဒေအရာရှိအဆင့် ၄ (အစမ်းခန့်) သင်တန်း သား/သင်တန်းသူစုစုပေါင်း (၈၀) ဦးတို့၏ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခဲ့ပါသည်။



*ဒဂုံတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာစဉ်*



*ဒဂုံတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာစဉ်*

သတင်းမီဒီယာဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များရယူနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များတွင် ခန့်အပ်ထားသော သတင်းပြန်ကြားရေးအရာရှိ (Public Information Officer) များနှင့် ခရိုင်နှင့်မြို့နယ်အဆင့်တရားရုံးများတွင် ခန့်အပ်ထားသော သတင်းပြန်ကြားရေးအရာရှိ (Court Information Officer ) များက ၁-၁-၂၀၁၆ ရက်နေ့မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အတွင်း သတင်းမီဒီယာများ နှင့် (၄၁) ကြိမ် တွေ့ဆုံ၍ မေးမြန်းချက်များကို လက်ခံတွေ့ဆုံခဲ့ပါသည်။



*ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သတင်းပြန်ကြားရေးအဖွဲ့မှ သတင်းမီဒီယာများနှင့် တွေ့ဆုံဖြေကြားစဉ်*

တရားရုံးများသည် နိုင်ငံသားတို့၏ အခွင့်အရေးကာကွယ်ရန်နှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ သို့အတွက် ပြည်သူများ လုံခြုံစိတ်ချမှုရှိစေရန် ၊ တရားရုံးအသုံးပြုသူများ လွယ်ကူစွာအသုံးပြုနိုင်ရန်နှင့် တရားမျှတမှုကို အဟန့်အတားမဖြစ်စေရန်ရည်ရွယ်၍ တရားရုံး၏အင်္ဂါရပ်များနှင့် ညီညွတ်သော အဆောက်အဦသစ်များ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တိုးချဲ့ဆောင်၊ ဒက္ခိဏခရိုင်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ မိုးမိတ်ခရိုင်တရားရုံး၊ လှိုင်သာယာမြို့နယ်တရားရုံးနှင့် နမ့်ဆန်(မြောက်ပိုင်း)မြို့နယ်တရားရုံးအဆောက်အဦသစ်များ ဆောက်လုပ်ခဲ့ပါသည်။


*ပုဗ္ဗသီရိမြို့နယ်တရားရုံး*



*နမ့်ဆန်မြို့နယ်တရားရုံး*

ထို့အပြင် အသစ်ဆောက်လုပ်ခဲ့သည့်တရားရုံးများ နှင့် တိုးချဲ့ရွှေ့ပြေး တရားရုံးများဖြစ်သည့် မော်လမြိုင်ခရိုင်တရားရုံး၊ မုံရွာခရိုင်တရားရုံး၊ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ မကွေးမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံးများတွင် အမှုလက်ခံဌာန ၊ သတင်းအချက်အလက် ရယူရန်ဌာန၊ စုံစမ်းရန်ဌာနများ အပါအဝင် တရားရုံး၏စံချိန်စံညွှန်း နှင့်ညီညွတ်ပြည့်စုံသည့် ရုံးအသုံးအဆောင်များထည့်သွင်း၍ ပြင်ဆင်မွမ်းမံခဲ့ပါသည်။




*ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမှုလက်ခံဌာန*

*အများပြည်သူနှင့် ရှေ့နေနားနေခန်းများ*









*မသန်စွမ်းသူများအလွယ်တကူသွားလာနိုင်ရန် ဆောင်ရွက်ပေးထားမှုများ*



*သတင်းအချက်အလက်ရယူရန်ဌာန၊
စုံစမ်းရန် ဌာနများ
သတ်မှတ်ဆောင်ရွက်ထားမှု*

## ဥပဒေအသစ်များနှင့် ပြင်ဆင်သည့် ဥပဒေများ ရေးဆွဲဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ အရ တရားစီရင်ရေးကဏ္ဍပါကိစ္စရပ်များအတွက် ဥပဒေမူကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၆ ခုနှစ်အတွင်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ၊ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေသစ်များ/ ပြင်ဆင်ခဲ့သည့် ဥပဒေများ စာရင်းကို **နောက်ဆက်တွဲ (ဃ)** တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၅) ထုတ်ဝေခြင်း

၂၀၁၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်ခဲ့သည့်စီရင်ချက်များအနက် ဥပဒေပြဿနာ၊ အကြောင်းခြင်းရာပြဿနာများနှင့်စပ်လျဉ်း၍ စံပြုထိုက်သောစီရင်ချက်များကို မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၅) အဖြစ် ထုတ်ဝေခဲ့ပါသည်။ အဆိုပါစီရင်ထုံးစာအုပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website တွင်လည်း ဖတ်ရှုနိုင်ပါသည်။

## ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇ နှင့် ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အကျဉ်းထောင် (၅) ခုသို့လည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများက ရဲတပ်ဖွဲ့အချုပ်စခန်း (၁၇၆) ခု၊ အကျဉ်းထောင် (၄၆) ခုနှင့် ရဲဘက်စခန်း(၂၀) ခုတို့အားလည်းကောင်း၊ ခရိုင်တရားသူကြီးများက ရဲတပ်ဖွဲ့အချုပ်စခန်း (၃၆၇) ခု၊ ရဲဘက်စခန်း (၁၀) ခု၊ အကျဉ်းထောင် (၂၇) ခုသို့လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့်အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

## တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း

### *အာဆီယံဒေသတွင်း တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သည် ၃၁-၃-၂၀၁၆ ရက်နေ့မှ ၁-၄-၂၀၁၆ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် (၄) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပါ သည်။ အာဆီယံတရားသူကြီးချုပ်များနှင့်အတူ “ဟိုချီမင်းကြေညာချက်”ကို လက်မှတ်ရေးထိုးခဲ့ပြီး၊ အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ “အာဆီယံတရားသူကြီးချုပ်များကောင်စီ” အားအဖွဲ့အစည်း တစ်ရပ်အဖြစ် အသိအမှတ်ပြုရေးအတွက် မြန်မာနိုင်ငံ၏ အာဆီယံကိုယ်စားလှယ်မှတစ်ဆင့် အာဆီယံ အတွင်းရေးမှူးချုပ်ထံ တင်ပြရန် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ပါဝင်ဆွေးနွေးခဲ့သည့် ပြည်ပအစည်းအဝေး/ ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ** (င) တွင် ဖော်ပြထားပါသည်။




*အာဆီယံတရားသူကြီးချုပ်များ “ဟိုချီမင်းကြေညာချက်”ကို လက်မှတ်ရေးထိုးစဉ်*

### *အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေး၏မဟာဗျူဟာစီမံကိန်းဒုတိယနှစ် အစီအစဉ် (၂၀၁၆) ခုနှစ်ကို အကျိုးသက်ဆိုင်သူများ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်း များ နှင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF) နှင့် လည်းကောင်း၊ ဥပဒေကြမ်းရေးဆွဲခြင်းဆိုင်ရာလုပ်ငန်း (Legal Drafting)၊ တရားသူကြီးများ အရည်အသွေးတိုးမြှင့်ရေးလုပ်ငန်း (Capacity Building)၊ အသိဉာဏ်ပစ္စည်းဆိုင်ရာမှုခင်းစနစ် နှင့်တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းသည့်ကိစ္စရပ်များအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့်လည်းကောင်း၊ ရှေ့ပြေးတရားရုံးအစီအစဉ် တိုးချဲ့ ဆောင်ရွက်မှုကို အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း (USAID-PRLP) နှင့်ပူးပေါင်း၍ လည်းကောင်း၊ တရားဥဒေစိုးမိုးရေးနှင့် တရားမျှတမှုအခွင့်အလမ်းရရှိရေး(Rule of Law and Access to Justice)လုပ်ငန်းများအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP)နှင့်လည်းကောင်း၊ မြန်မာနိုင်ငံမှတရားသူကြီးများအတွက် အပြည်ပြည် ဆိုင်ရာ စံနှုန်းနှင့်အညီ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် ပေါ်ပေါက်လာရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ (International Commission of Jusrists– ICJ) နှင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်္ကာပူ သမ္မတနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာနတို့၏ ဥပဒေရေးရာအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။



*ပြည်ထောင်စုတရားသူကြီးချုပ်က ယူနိုက်တက်ကင်းဒမ်း တရားရုံးချုပ်ဥက္ကဋ္ဌ Lord Neuberger အား ၂၂.၈.၂၀၁၆ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံတွေ့ဆုံစဉ်*

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုအတွက်လက်ခံတွေ့ဆုံခဲ့သည့်အပြည်ပြည်ဆိုင်ရာကိုယ်စားလှယ် များစာရင်း ကို **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားပါသည်။

### *တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များချုပ်ဆိုခြင်း*

မြန်မာနိုင်ငံ၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့၏ "မြန်မာနိုင်ငံဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် သက်ဆိုင်သည့်ကဏ္ဍများ၏စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံချက်ဆွေးနွေးချက်မှတ်တမ်းပြင်ဆင်ချက်" အား ၂၀၁၆ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်ဩစတြေးလျ ဖက်ဒရယ်တရားရုံးတို့ ၏ "တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ" ကို ၂၀၁၆ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာဒိန်းမတ်သံရုံးတို့၏ "တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှု"ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်လည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ပါသည်။




*ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျ ဖက်ဒရယ်တရားရုံးတို့၏ "တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ" လက်မှတ်ရေးထိုးစဉ်*




*ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ တို့ "မြန်မာနိုင်ငံဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် သက်ဆိုင်သည့်ကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာစီမံချက် ဆွေးနွေးချက် မှတ်တမ်းပြင်ဆင်ချက်" လက်မှတ်ရေးထိုးစဉ်*




*ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာဒိန်းမတ်သံရုံးတို့၏ "တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှု" လက်မှတ်ရေးထိုးစဉ်*

## မဟာဗျူဟာစီမံကိန်းဒုတိယနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု

### မဟာဗျူဟာစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့် တရားရုံးများခေတ်မီအောင် ဆောင်ရွက်ရန်အတွက် တရားစီရင်ရေး၏မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို တရားစီရင်ရေး တစ်ရပ်လုံး၏ မဟာဗျူဟာအဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ချမှတ်ခဲ့ ပါသည်။ စီမံကိန်း၏ လုပ်ငန်းအစီအစဉ်များကို နှစ်စဉ်ရေးဆွဲ၍ အများပြည်သူ၏ တရားမျှတမှုလက်လှမ်းမီရေးကို ကာကွယ် စောင့်ရှောက်ရန်၊ လူထု၏အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့်ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန်နှင့် အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်စသည့် မဟာဗျူဟာနယ်ပယ် (၅) ရပ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် တိုင်းတာနိုင်သည့် လုပ်ငန်းလျာထားချက်များ သတ်မှတ် ထားရှိပါသည်။ အဆိုပါ သတ်မှတ်ချက်များတွင် အမှုပြီးပြတ်မှုရာခိုင်နှုန်း ၁၀၀% သို့ ရောက်ရှိရန်နှင့် တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု ၈၀% ထိ ရရှိနိုင်ရန်ရည်မှန်းချက်များ ပါဝင် ပါသည်။ မဟာဗျူဟာ စီမံကိန်း၏အစီအစဉ်များကို အဆင့် ၁ (ထိပ်တန်းအဆင့် ဦးစားပေး)၊ အဆင့် ၂ (အထူးအရေးကြီး)နှင့် အဆင့် ၃ (အလယ်အလတ်ဦးစားပေး) သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးသာဌေး ဦးဆောင် သည့် မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီက စီမံကိန်း အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ စီမံကိန်းတိုးတက်မှုအစီရင်ခံစာတင်ပြခြင်းနှင့် နှစ်စဉ် ဆောင်ရွက်မည့် တစ်နှစ်တာလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။ မဟာဗျူဟာ စီမံကိန်း ပထမနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာ (၂၀၁၅) ကို ၂၀၁၆ ခုနှစ် ဖွန်လ ၁၀ ရက် နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

### ၂၀၁၆ ခုနှစ် တရားရုံး၏အဓိကဆောင်ရွက်မှုကို တိုင်းတာခြင်း

တစ်နိုင်ငံလုံးနှင့်ရှေ့ပြေးတရားရုံးများ၏ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်းကို တစ်နိုင်ငံလုံး ၏၂၀၁၆ခုနှစ် အမှုစာရင်းအရ လည်းကောင်း၊ ရှေ့ပြေးတရားရုံးများဖြစ်သည့် လှိုင်သာယာမြို့နယ် တရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံးတို့၏ ၂၀၁၆ ခုနှစ်အမှုစာရင်းအရ လည်းကောင်း တိုင်းတာပါသည်။

စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အမှုချိန်းဆိုမှုသေချာခြင်း၊ တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းကို ရှေ့ပြေးတရားရုံးအစီအစဉ်၏ တစ်နှစ်တာအကောင်အထည်ဖော်မှု (၂၀၁၅ ခုနှစ်၊ ဇွန်လမှ ၂၀၁၆ ခုနှစ်ဇွန်လအထိ) ဆန်းစစ်လေ့လာသည့် အစီရင်ခံစာအရ တိုင်းတာပါသည်။



*မြို့နယ်တရားရုံးနှင့် USAID/ PRLP ဝန်ထမ်းများက တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းကောက်ခြင်း*



## မဟာဗျူဟာစီမံကိန်းဒုတိယနှစ်လုပ်ငန်းအစီအစဉ်၏ အောင်မြင်မှုများ

၂၀၁၆ ခုနှစ်တွင် ထိပ်တန်းအဆင့်ဦးစားပေး လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ တရားရုံးမိတ်ဖက်အဖွဲ့အစည်းများနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကြိုးမားသည့် ဝိုင်းဝန်းဆောင်ရွက်ပေးမှုဖြင့် ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၏ ထင်ရှားသည့်အောင်မြင်မှုအချို့မှာ -

- ၂၀၁၆ ခုနှစ်တွင် ထိပ်တန်းအဆင့်ဦးစားပေး လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင်အကောင်အထည်ဖော်ခြင်း၊
- ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းကို တစ်နိုင်ငံလုံးအတိုင်းတာဖြင့် တိုးတက်အောင်ဆောင်ရွက်ခြင်း၊
- ကနဦးရှေ့ပြေးတရားရုံးများဖြစ်သည့် လှိုင်သာယာမြို့နယ်တရားရုံး၊ ဘားအံမြို့နယ် တရားရုံး၊ တောင်ငူခရိုင်တရားရုံးတို့၏ အမှုပြီးပြတ်မှုနှုန်းတိုးတက်လာခြင်း၊ ကြန့်ကြာမှုခင်းများ လျော့ချနိုင်ခြင်း၊ အမှုပြီးပြတ်ရန်ကြာမြင့်သည့်ကာလ လျော့ချနိုင်ခြင်း၊ တရားရုံး၏ဝန်ဆောင်မှုအပေါ် ပြည်သူတို့၏ကျေနပ်မှု တိုးတက်လာခြင်း၊

- ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ မကွေးမြို့နယ်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံး၊ မုံရွာခရိုင်တရားရုံးတို့တွင် တိုးချဲ့ရွှေ့ပြောင်းတရားရုံးအစီအစဉ် စတင်ဆောင်ရွက်ခြင်း၊
- အများပြည်သူသို့ တရားရုံးသတင်းအချက်အလက်များကို Website၊ Facebook နှင့် လက်ကမ်းစာစောင်များမှတစ်ဆင့် ရယူခွင့်နှင့် အများပြည်သူအသိအမြင်ကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊
- တရားရုံးများတွင် အများပြည်သူကိုယ်တိုင် သတင်းအချက်အလက်ရယူနိုင်သည့် ကောင်တာနှင့် အများပြည်သူဆိုင်ရာ အမှုလက်ခံဌာနများထားရှိ၍ တရားရုံး၏ဝန်ဆောင်မှုလက်လှမ်းမီရေး တိုးတက်အောင် ဆောင်ရွက်ခြင်း၊
- မြန်မာ့တရားစီရင်ရေးစနစ်အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးကျင့်ဝတ်စံနှုန်းများနှင့် ကိုက်ညီသည့်တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်မူကြမ်းရေးဆွဲခြင်း

မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ မဟာဗျူဟာစီမံကိန်း ဒုတိယနှစ်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ (၂၀၁၆) ကို **နောက်ဆက်တွဲ (ဆ)** တွင် ဖော်ပြထားပါသည်။

*တရားသူကြီးများ၊ ရဲအရာရှိများ၊ ဥပဒေအရာရှိ များနှင့် ရှေ့နေများပါဝင်သည့် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အစည်းအဝေးပြုလုပ်ခြင်း*






*တရားသူကြီးအသစ်များအား မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ပို့ချခြင်း*

# နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က)

## တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာများ

| စဉ် | တရားလွှတ်တော်အမည် | လိပ်စာ |
|---|---|---|
| ၁ | ကချင်ပြည်နယ်တရားလွှတ်တော် | အကွက်အမှတ်-၁၅၊ ရုံးရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ၂ | ကယားပြည်နယ်တရားလွှတ်တော် | မင်းစုရပ်ကွက်၊ မြို့ပတ်လမ်းနှင့်လွိုင်ကော်-ရှားတော<br>လမ်းထောင့်၊ လွိုင်ကော်မြို့ |
| ၃ | ကရင်ပြည်နယ်တရားလွှတ်တော် | အမှတ်- ၄ရပ်ကွက်၊ ခရေလမ်းနှင့် သုခနေ လမ်းထောင့်၊<br>ဘားအံမြို့ |
| ၄ | ချင်းပြည်နယ်တရားလွှတ်တော် | ဈေးသစ်ရပ်ကွက်၊ဟားခါးခရိုင်၊ ဟားခါးမြို့ |
| ၅ | မွန်ပြည်နယ်တရားလွှတ်တော် | ရုံးကြီးလမ်း၊ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ |
| ၆ | ရခိုင်ပြည်နယ်တရားလွှတ်တော် | လမ်းမကြီး၊ မေယုလမ်းနှင့် လမ်းမကြီး ထောင့်၊<br>ဘောလုံးကွင်းရပ်၊ စစ်တွေမြို့ |
| ၇ | ရှမ်းပြည်နယ်တရားလွှတ်တော် | ဆေးရုံလမ်းနှင့်သပြေလမ်းထောင့်၊ သစ်တောရပ်ကွက်၊<br>တောင်ကြီးမြို့ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် | နန္ဒဝန်ရပ်ကွက်၊ တမာပင်ကွင်း၊ မုံရွာမြို့ |
| ၉ | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် | ဆားရွှေကင်းရပ်၊ မကွေးမြို့ |
| ၁၀ | မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် | လမ်း ၃၀၊ ၆၈x ၇၀ ကြား၊ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ |
| ၁၁ | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | ရန်ကုန်-မန္တလေး လမ်းမကြီးဘေး၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့ |
| ၁၂ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် | ရေးလမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | အမှတ်-၁၀၁၊ ၁၀၃ ပန်းဆိုးတန်းလမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် | မင်းကြီးအကွက်၊ အမှတ်- ၄ ရပ်ကွက်၊ ပုသိမ်မြို့ |

**ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ** *(၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ)*

| စဉ် | ရာထူး | သတိပေးခြင်း | ရာထူးတိုးရပ်ဆိုင်းခြင်း | ရာထူးအဆင့်လျှော့ချခြင်း | တာဝန်မှယာယီရပ်ဆိုင်းခြင်း | ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း | ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူး | ၁ | | | | | | ၁ |
| ၂ | တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူး | ၄ | | | | | | ၄ |
| ၃ | ဒုတိယညွှန်ကြားရေးမှူး | ၄ | | | | | | ၄ |
| ၄ | ခရိုင်တရားသူကြီး | ၁၀ | | | | | | ၁၀ |
| ၅ | တွဲဖက်ခရိုင်တရားသူကြီး | ၂ | | | | | | ၂ |
| ၆ | လက်ထောက်ညွှန်ကြားရေးမှူး | ၄ | | | | | | ၄ |
| ၇ | ဒုတိယခရိုင်တရားသူကြီး | ၁၁ | | | | | | ၁၁ |
| ၈ | ဦးစီးအရာရှိ | ၃ | | | ၁ | | ၂ | ၆ |
| ၉ | မြို့နယ်တရားသူကြီး | ၁၉ | | | | | | ၁၉ |
| ၁၀ | တွဲဖက်မြို့နယ်တရားသူကြီး | ၆ | | | | | | ၆ |
| ၁၁ | ဒုတိယဦးစီးမှူး | ၁ | | | | | | ၁ |
| ၁၂ | ဒုတိယမြို့နယ်တရားသူကြီး | ၆ | | | | | ၁ | ၇ |
| ၁၃ | ရုံးအုပ် | ၁ | - | - | - | - | - | ၁ |
| ၁၄ | ဌာနခွဲစာရေး | ၂ | - | - | - | - | - | ၂ |
| ၁၅ | အကြီးတန်းစာရေး | ၁၀ | ၁ | ၂ | - | ၂ | - | ၁၅ |
| ၁၆ | ယာဉ်မောင်း-၃ | - | - | - | ၁ | ၁ | - | ၂ |
| ၁၇ | အငယ်တန်းစာရေး | ၂ | ၁ | - | - | - | ၂ | ၅ |
| ၁၈ | အငယ်တန်းလက်နှိပ်စက် | ၂ | - | - | - | ၁ | ၁ | ၄ |
| ၁၉ | ရုံးအကူ | ၂ | - | - | - | - | ၁ | ၃ |
| ၂၀ | ရုံးအကူ / စာပို့ | ၁ | - | - | ၂ | ၂ | ၁ | ၆ |
| ၂၁ | ရုံးစောင့် | ၁ | - | - | - | ၁ | - | ၂ |
| ၂၂ | ဥယျာဉ်လုပ်သား | ၁ | - | - | - | - | - | ၁ |
| | **စုစုပေါင်း** | ၉၃ | ၂ | ၂ | ၄ | ၇ | ၈ | ၁၁၆ |

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း

*(၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ)*

| စဉ် | ရာထူးအမည် | လစာနှုန်း (ကျပ်) | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၅၀၀၀၀၀ | ၂ | ၁ | ၁ | ၂ | - |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ | ၅ | ၂ | ၂ | ၄ | ၁ |
| ၃ | ညွှန်ကြားရေးမှူး | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၂၅ | ၁၂ | ၁၃ | ၂၅ | - |
| ၄ | တရားရေးဝန်ထမ်းအဆင့်(၁) | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁၅၄ | ၅၁ | ၉၁ | ၁၄၂ | ၁၂ |
| ၅ | တရားရေးဝန်ထမ်းအဆင့်(၂) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၂၇၂ | ၈၂ | ၁၁၂ | ၁၉၄ | ၇၈ |
| ၆ | တရားရေးဝန်ထမ်းအဆင့်(၃) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၈၀၇ | ၂၅၃ | ၂၆၁ | ၅၁၄ | ၂၉၃ |
| ၇ | တရားရေးဝန်ထမ်းအဆင့်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၆၃၉ | ၂၀၀ | ၂၀၄ | ၄၀၄ | ၂၃၅ |
| | အရာထမ်းစုစုပေါင်း | | ၁၉၀၄ | ၆၀၁ | ၆၈၄ | ၁၂၈၅ | ၆၁၉ |
| ၈ | ရုံးအုပ် | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၄၈ | ၉ | ၃၄ | ၄၃ | ၅ |
| ၉ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၁ | - | ၁ | ၁ | - |
| ၁၀ | ဌာနခွဲစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၆၀ | ၈၃ | ၁၅၃ | ၂၃၆ | ၂၄ |
| ၁၁ | စာရင်းကိုင် - ၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | - | ၁ | ၁ | ၁ |
| ၁၂ | စာကြည့်တိုက်မှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | - | ၁ | ၁ | - |
| ၁၃ | ဒုကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | - | ၁ | ၁ | - |
| ၁၄ | လုံခြုံရေး-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | ၂ | - | ၂ | - |
| ၁၅ | အကြီးတန်းစာရေး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁၃၅၆ | ၃၆၁ | ၆၉၇ | ၁၀၅၈ | ၂၉၈ |
| ၁၆ | အကြီးတန်းစာရေး (အမှုတွဲထိန်း) | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ | ၁ | - | ၁ | ၁ |
| ၁၇ | အကြီးတန်းလက်နှိပ်စက် | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၅၆ | ၁၅ | ၁၄ | ၂၉ | ၂၇ |
| ၁၈ | လက်ထောက်ကွန်ပျူတာ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၉၂ | ၉ | ၄၆ | ၅၅ | ၃၇ |
| ၁၉ | စာရင်းကိုင် - ၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၁ | ၂ | - | ၂ | ၂ | - |
| ၂၀ | လက်ထောက်စာကြည့်တိုက်မှူး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁ | - | ၁ | ၁ | - |
| ၂၁ | ယာဉ်မောင်း - ၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂၅ | ၁၄ | - | ၁၄ | ၁၁ |
| ၂၂ | လုံခြုံရေး - ၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၃ | ၃ | - | ၃ | - |
| ၂၃ | အငယ်တန်းစာရေး | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁၅၃၉ | ၄၀၃ | ၅၇၂ | ၉၇၅ | ၅၆၄ |
| ၂၄ | အငယ်တန်းလက်နှိပ်စက် | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၈၄၁ | ၂၇၇ | ၁၈၄ | ၄၆၁ | ၃၈၀ |
| ၂၅ | ဒု-လက်ထောက်ကွန်ပျူတာ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂၅ | ၆ | ၁၀ | ၁၆ | ၉ |
| ၂၆ | စာရင်းကိုင် - ၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၃ | ၁ | ၁ | ၂ | ၁ |

| စဉ် | ရာထူးအမည် | လစာနှုန်း (ကျပ်) | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၂၇ | လျှပ်စစ်ကျွမ်းကျင် - ၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂ | ၁ | - | ၁ | ၁ |
| ၂၈ | လုံခြုံရေး - ၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၄ | ၄ | - | ၄ | - |
| ၂၉ | စာကူးစက်လှည့်အကူ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | ၂ | - | ၂ | ၁ |
| ၃၀ | ယာဉ်မောင်း - ၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၆၇ | ၃၅ | - | ၃၅ | ၃၂ |
| ၃၁ | လုံခြုံရေး - ၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၄ | - | - | - | ၄ |
| ၃၂ | စာတွဲချုပ် | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၁၄ | ၇ | ၁ | ၈ | ၆ |
| ၃၃ | ရုံးအကူ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၇၅၃ | ၂၃၇ | ၁၅၃ | ၃၉၀ | ၃၆၃ |
| ၃၄ | ရုံးအကူ/စာပို့ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁၂၃၄ | ၅၉၈ | ၆၂ | ၆၆၀ | ၅၇၄ |
| ၃၅ | ရုံးစောင့် | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၄၁၉ | ၂၄၆ | ၂၂ | ၂၆၈ | ၁၅၁ |
| ၃၆ | သန့်ရှင်းရေးအကူ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၄၁ | ၁ | ၂၆ | ၂၇ | ၁၄ |
| ၃၇ | လုပ်သား (ဥယျာဉ်) | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၆ | ၄ | - | ၄ | ၂ |
| | အမှုထမ်းစုစုပေါင်း | | ၆၈၀၇ | ၂၃၁၉ | ၁၉၈၂ | ၄၃၀၁ | ၂၅၀၆ |
| | ပေါင်း | | ၈၇၁၁ | ၂၉၂၀ | ၂၆၆၆ | ၅၅၈၆ | ၃၁၂၅ |

နောက်ဆက်တွဲ (ဃ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေသစ်များ နှင့် ပြင်ဆင်ခဲ့သည့်ဥပဒေများ

*(၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ)*

| စဉ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေသစ်များ/ ပြင်ဆင်ခဲ့သည့် ဥပဒေများ | အတည်ပြု ပြဋ္ဌာန်းသည့်နေ့ | မှတ်ချက် |
|---|---|---|---|
| ၁။ | အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ<br>( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၆) | ၅-၁-၂၀၁၆ | အသစ်ပြဋ္ဌာန်း |
| ၂။ | ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ<br>( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆/၂၀၁၆) | ၇-၁-၂၀၁၆ | |
| ၃။ | ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ<br>( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀/၂၀၁၆) | ၁၈-၁-၂၀၁၆ | အသစ်ပြဋ္ဌာန်း |
| ၄။ | ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ<br>( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆/၂၀၁၆) | ၂၀-၁-၂၀၁၆ | |

**ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ** *(၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ)*

| ကာလ | တက်ရောက်သူအမည် | လက်ခံ ကျင်းပသည့် နိုင်ငံ | ပြည်ပဆွေးနွေးပွဲ/ ချစ်ကြည်ရေးခရီး/ ညီလာခံ/အစည်းအဝေး/ ဖိုရမ်အမည် |
|---|---|---|---|
| ၃၁-၃-၂၀၁၆ မှ ၁-၄-၂၀၁၆ ထိ | ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး | ဗီယက်နမ် နိုင်ငံ | ၄ ကြိမ်မြောက်အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေးတက်ရောက်ရန် |
| ၃၁-၈-၂၀၁၆ မှ ၃-၉-၂၀၁၆ ထိ | ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး | စင်ကာပူ သမ္မတနိုင်ငံ | စင်ကာပူနိုင်ငံသို့လေ့လာရေးခရီး သွား ရောက်ရန်နှင့် စင်ကာပူ-မြန်မာဥပဒေရေးရာပူးပေါင်း ဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာအရ ကျင်းပသည့် စင်ကာပူဥပဒေရေးရာဝန်ကြီး ဌာနနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့၏ ဒုတိယ အကြိမ် ပူးတွဲကော်မတီ အစည်းအဝေး |
| ၁၂-၈-၂၀၁၆ မှ ၁၅-၈-၂၀၁၆ ထိ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေး | သီရိလင်္ကာ နိုင်ငံ | အာရှဥပဒေရေးရာအဖွဲ့အစည်း တရားသူကြီးချုပ်များ၏ စားပွဲဝိုင်းဆွေးနွေးပွဲနှင့် ၂၉ ကြိမ် မြောက် အာရှဥပဒေရေးရာ အဖွဲ့အစည်း ညီလာခံ ရွှေရတုအခမ်းအနား |
| ၃၁-၈-၂၀၁၆ မှ ၃-၉-၂၀၁၆ ထိ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် | စင်ကာပူ သမ္မတနိုင်ငံ | စင်ကာပူနိုင်ငံသို့လေ့လာရေးခရီး သွားရောက်ရန်နှင့်စင်ကာပူ-မြန်မာဥပဒေရေးရာပူးပေါင်း ဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာအရ ကျင်းပသည့် စင်ကာပူ ဥပဒေရေးရာဝန်ကြီး ဌာနနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့၏ ဒုတိယ အကြိမ်ပူးတွဲကော်မတီ အစည်းအဝေး |

| ကာလ | တက်ရောက်သူအမည် | လက်ခံကျင်းပသည့်နိုင်ငံ | ပြည်ပဆွေးနွေးပွဲ/ချစ်ကြည်ရေးခရီး/ညီလာခံ/အစည်းအဝေး/ဖိုရမ်အမည် |
|---|---|---|---|
| ၂၆-၉-၂၀၁၆ မှ ၂၇-၉-၂၀၁၆ ထိ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း | ဖိလစ်ပိုင်နိုင်ငံ | အာရှနိုင်ငံများမှ တရားသူကြီးများ၏ တတိယအကြိမ်မြောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ |
| ၉-၁၁-၂၀၁၆ မှ ၁၂-၁၁-၂၀၁၆ ထိ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် | ဖိလစ်ပိုင်နိုင်ငံ | ဆဋ္ဌမအကြိမ်မြောက်အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေဆိုင်ရာ အစည်းအဝေး |
| ၉-၁၁- ၂၀၁၆ မှ ၁၅-၁၁-၂၀၁၆ ထိ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း | အိန္ဒိယ | ၁၇ ကြိမ်မြောက် ကမ္ဘာ့တရားသူကြီးချုပ်များညီလာခံ |

**တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်သည့် နိုင်ငံတကာကိုယ်စားလှယ်များစာရင်း** *(၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ)*

| ရက်စွဲ | လာရောက်သည့်ကိုယ်စားလှယ်အမည် |
|---|---|
| ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၉ ရက် | Mr. David Wrivkia ၊ ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာရှေ့နေများအသင်း |
| ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် | Ms. MITSUKO Miyagawa ၊ Attorney-at-law ၊ ဒုဥက္ကဋ္ဌ ၊ ဂျပန်နိုင်ငံရှေ့နေ များအဖွဲ့ |
| ၂၀၁၆ ခုနှစ် မတ်လ ၁၇ ရက် | Lord Patrick Hodge ၊ ဥက္ကဋ္ဌ ၊ ဗြိတိန်နိုင်ငံတရားရုံးချုပ် |
| ၂၀၁၆ ခုနှစ် မေလ ၆ ရက် | Ms. AKANE Tomoko ၊ ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်နှင့် သုတေသနဌာန၊ ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာန |
| ၂၀၁၆ ခုနှစ် မေလ ၂၅ ရက် | Mr. David Mackie ၊ CBE QC, Allen & Overy Limited |
| ၂၀၁၆ ခုနှစ် ဇွန်လ ၆ ရက် | Ms. Indranee Rajah, ဝါရင့်ဝန်ကြီး၊ စင်္ကာပူသမ္မတနိုင်ငံတရားရေး ဝန်ကြီးဌာန |
| ၂၀၁၆ ခုနှစ် ဇွန်လ ၁၅ ရက် | H.E Chief Justice James Allsop, တရားသူကြီးချုပ်၊ ဩစတြေးလျနိုင်ငံဖက်ဒရယ်တရားရုံး |
| ၂၀၁၆ ခုနှစ် ဇွန်လ ၂၉ ရက် | H.E Mr. Scot Marciel ၊ သံအမတ်ကြီး၊ အမေရိကန်သံရုံး |
| ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၂ ရက် | Lord Neuberger, President ၊ ဗြိတိန်နိုင်ငံတရားရုံးချုပ် |
| ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၉ရက် | Mr. Mitch Gruner, အဖွဲ့ခေါင်းဆောင်, USAID-PRL |
| ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | Mr. Peter Batchelor, Country Director,ယူအန်ဒီပီ(မြန်မာ) |
| ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၄ ရက် | H.E Mohammad Sulflur Rahman, သံအမတ်ကြီး၊ ဘင်္ဂလားဒေ့ရှ်သံရုံး |
| ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၉ရက် | Ms. Irene Khan, ညွှန်ကြားရေးမှူးချုပ်, International Development Law Organization (IDLO) |
| ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက် | Mr. Mark Silva၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အကြီးတန်းအကြံပေး၊အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ |
| ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက် | H.E Mr. Hong Liang, သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး |
| ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် | H.E Mr. Hiromu Kurokawa , ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံတရားရေး ဝန်ကြီးဌာန |

# မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး
# ကော်မတီ၏
# ဒုတိယနှစ်လုပ်ငန်းအစီအစဉ်
# အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ

***တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၅–၂၀၁၇)၏ အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ***

| အဓိက ဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံမျဉ်း | ရည်မှန်းကာလ ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် |
|---|---|---|---|---|---|---|
| **အမှုပြီးပြတ်နှုန်း (စွဲဆိုမှုနှင့် ဆုံးဖြတ်ပြီးမှု အချိုးအစား)** | ပြည်သူ့ဘဏ္ဍာ အသုံးပြုရာတွင် လုံလောက် ထိရောက်မှု၊ တာဝန်ခံမှု တို့ကို တိုင်းတာခြင်း | တစ်နိုင်ငံလုံး အမှုစာရင်း အစီရင်ခံစာ[1] | တရားမ ၉၁% | ၉၃% | ၉၇% | ၁၀၀% |
| | | | ရာဇဝတ်မှု ၉၈.၅% | ၉၉% | ၉၉.၅% | ၁၀၀% |
| | | | စုစုပေါင်း ၉၇% | ၉၈% | ၉၉% | ၁၀၀% |
| | | ရွှေ့ပြောင်း တရားရုံးအမှု စာရင်း အစီရင်ခံစာ[2] | တရားမ ၉၇% | ၉၈% | ၉၉% | ၁၀၀% |
| | | | ရာဇဝတ်မှု ၉၂% | ၉၄% | ၉၇% | ၁၀၀% |
| | | | စုစုပေါင်း ၉၃% | ၉၅% | ၉၈% | ၁၀၀% |
| **စစ်ဆေးဆဲ အမှု များ၏ သက်တမ်း** | ပြည်သူတို့၏ ယုံကြည်မှု ရရန် အတွက်အချိန် နှင့် တစ်ပြေးညီ ဆောင်ရွက်မှုနှင့် ယုံကြည်စိတ်ချရ မှုကို တိုင်းတာ ခြင်း | စစ်ဆေးဆဲ အမှုများအား ဆန်းစစ်လေ့ လာသည့် အစီ ရင်ခံစာ[3] | ရာဇဝတ်မှု တစ်နှစ် အထက် ၇.၂% | ၆.၅% | ၆% | ၅% |
| | | | ရာဇဝတ်မှု နှစ်နှစ် အထက် ၀.၃% | ၀% | ၀% | ၀% |
| | | | တရားမ တစ်နှစ် အထက် ၁၉.၇% | ၁၅% | ၁၀% | ၅% |
| | | | တရားမ နှစ်နှစ် အထက် ၁.၃% | ၁% | ၀.၅% | ၀% |

*[1]အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် တရားရုံးများအားလုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှု အမှုစာရင်းဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာ ဖြစ်ပါသည်။*

*[2]အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် ရွှေ့ပြောင်းတရားရုံး (၃) ရုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှု အမှုစာရင်းဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာ ဖြစ်ပါသည်။*

*[3]အခြေခံမျဉ်းအချက်အလက်၏အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေ့ပြောင်းတရားရုံး (၃) ရုံးများ ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တွင် ဆောင်ရွက်ခဲ့သည့် စစ်ဆေးဆဲအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

| အဓိက ဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်း အမြစ် | အခြေခံ မျဉ်း | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် |
| တရားရုံးအသုံးပြု သူများ၏ ကျေနပ်မှု | လက်လှမ်းမီခြင်း၊ အရည်အသွေး၊ မျှတမှု၊ သာတူညီမျှမှု၊ လွတ်လပ်မှု၊ ဂုဏ်သိက္ခာနှင့် ပြည်သူများယုံ ကြည်မှုညွှန်းကိန်း | တရားရုံးအသုံး ပြုသူများကို မေးမြန်းထားသည့် မေးခွန်း (၁၀) ခုပါ စစ်တမ်း[4] | ၆၁.၅၅% | ၆၄% | ၇၂% | ၈၀% |
| အမှု ရုံးချိန်းသေချာမှု - ရွှေ့ဆိုင်းသည့်နှုန်း (ရုံးချိန်းချိန်းဆိုမှု နှင့် ရုံးချိန်း ရွှေ့ဆိုင်းမှု အချိုး) - အမှုအလိုက် ရုံးချိန်းချိန်းဆိုမှု အကြိမ်အရေ အတွက် | ထိရောက်မှုနှင့် ပြည်သူများ ယုံကြည်မှု အတွက် အမှုချိန်းဆိုမှုနှင့် ရွှေ့ဆိုင်းမှုကို တိုင်းတာခြင်း | ပိတ်သိမ်းပြီးအမှု များ၏ အမှု ချိန်းဆို မှုနှင့် ရွှေ့ဆိုင်းမှု အကြိမ် အရေအတွက် လေ့လာသည့် အစီရင်ခံစာ[5] | တရားမ ၂၅% | ၂၂% | ၁၈% | ၁၀% |
| | | | ပြစ်မှု ၄၀% | ၃၅% | ၃၀% | ၂၀% |
| | | ပိတ်သိမ်းပြီးအမှု များ၏ အမှုချိန်း ဆိုမှု အကြိမ်အရေ အတွက် လေ့လာ သည့် အစီရင်ခံစာ[6] | တရားမ ၁၆ | ၁၃ | ၁၀ | ၈ |
| | | | ပြစ်မှု ၁၀ | ၉ | ၇ | ၆ |

[4] *အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေပြေးတရားရုံး (၃) ရုံးများ (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တွင် ဆောင်ရွက်ခဲ့သည့် တရားရုံးအသုံးပြုသူများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

[5] *အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေပြေးတရားရုံး (၃) ရုံးများ (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

[6] *အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေပြေးတရားရုံး (၃) ရုံးများ (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

**တရားရုံး၏ဆောင်ရွက်မှု တိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားသတ်မှတ်ချက်များ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၅-၂၀၁၇ ခုနှစ် သုံးနှစ်တာ မဟာဗျူဟာ စီမံကိန်းတွင် တရားရုံး၏ဆောင်ရွက်မှု တိုးတက်စေရန် ရည်မှန်းချက်များ နှင့် လျာထားချက်များ သတ်မှတ်ထားပါသည်။ နှစ်စဉ် နှင့် သုံးနှစ်တာကာလအတွက် တရားရုံး၏ဆောင်ရွက်ချက်များ တိုးတက်လာမှုအပေါ် အကဲဖြတ်တိုင်းတာနိုင်သည့် ရလဒ်တိုင်းတာမှုများကိုလည်း သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

အဆိုပါ ရည်မှန်းချက်များသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု၏ ရည်မှန်းချက် ပြည့်မီမှုကို တိုင်းတာမည့် ဓမ္မဓိဋ္ဌာန်ကျသည့် သတင်းအချက်အလက်အခြေခံနည်းစနစ်တစ်ရပ် ဖြစ်ပါသည်။ တရားရုံး၏ ဆောင်ရွက်ချက်များကို အောက်ပါအချက်များဖြင့် အဓိကတိုင်းတာမည်ဖြစ်ပါသည်-

- **ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း**– တရားရုံး၏မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန်၊
- **စစ်ဆေးဆဲအမှုများ၏သက်တမ်း** – အမှုဟောင်းများနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန်၊
- **အမှုချိန်းဆိုမှုသေချာခြင်း** – တရားရုံး၏ချိန်းဆိုထားသည့်အတိုင်း ထိရောက်စွာ ဆောင်ရွက်နိုင်မှုကို တိုင်းတာရန်၊
- **တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုစစ်တမ်း** – တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု၊ တရားရုံးဝန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီမှုတို့အပေါ် အမှုသည်များနှင့် ပြည်သူများ၏ကျေနပ်မှုဖြင့် တိုင်းတာရန်။

**လျာထားသတ်မှတ်ချက် (၁)- ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း**

ရှေ့ပြေးတရားရုံးများနှင့် တရားရုံးအားလုံးရှိ မှုခင်းပြီးပြတ်မှုနှုန်းများ တိုးတက်စေရန် ရည်ရွယ်၍ လျာထားချက်များ သတ်မှတ်ထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မှုခင်းစီမံခန့်ခွဲမှု စံနမူနာအစီအစဉ်၏ အောင်မြင်မှုနှင့် ရှေ့ပြေးတရားရုံးများတွင် စမ်းသပ်ဆောင်ရွက်နေမှုအပေါ် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုများကို ရှေ့ပြေးတရားရုံးများအတွက် သတ်မှတ်ထားသည့် လျာထားချက်များဖြင့် တိုင်းတာမည်ဖြစ်၍ အဆိုပါ လျာထားသတ်မှတ်ချက်များသည် အထူးအရေးကြီးပါသည်။

**တစ်နိုင်ငံလုံး ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း**

**လျာထားသတ်မှတ်ချက်**– ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများတိုးတက်စေရန်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှုပြီးပြတ်ရေးလျာထားချက်ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- ပြက္ခဒိန်နှစ်အလိုက် တရားမမှု ပြီးပြတ်ချက်မှုနှုန်း ၉၇%
- ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု ပြီးပြတ်မှုနှုန်း ၉၉.၅%
- ပြက္ခဒိန်နှစ်အလိုက် စုစုပေါင်း အမှုပြီးပြတ်မှုနှုန်း ၉၉%

**ရလဒ်** - ဇယား (၁) အရ ၂၀၁၆ခုနှစ်တွင် အမှုပြီးပြတ်နှုန်း တရားမမှု(၉၄.၄%)၊ ရာဇဝတ်မှု (၉၈.၈%) နှင့် စုစုပေါင်း (၉၈.၅%) သည် သိသိသာသာ တိုးတက်လာမှု မရှိ၍ လျာထားချက်သို့ မရောက်ရှိကြောင်း တွေ့မြင်ရပါသည်။

***ဇယား (၁) - တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း***

*Comparison of Clearance Rate of Nationwide (2016) and Target*

| Civil | | Criminal | | Total | |
|---|---|---|---|---|---|
| Target | 2016 | Target | 2016 | Target | 2016 |
| 97% | 94.4% | 99.5% | 98.8% | 99% | 98.5% |

**ရွှေ့ပြေးတရားရုံးများ အမှုပြီးပြတ်နှုန်း**

**လျာထားသတ်မှတ်ချက်**–

- တရားမမှုပြီးပြတ်မှုတိုးတက်မှုနှုန်း ၉၉%;
- ရာဇဝတ်မှုများပြီးပြတ်မှုတိုးတက်မှုနှုန်း ၉၇%;

  **ရလဒ်** - ရွှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရည်မှန်းချက်များနှင့် လျာထားချက်ထက် များစွာ ကျော်လွန် ပြီးမြောက်ခဲ့သည်ကိုတွေ့ရပြီး၊ ကဏ္ဍအားလုံးအတွက် တရားစီရင်ရေးဆောင်ရွက်မှု သိသာထင်ရှားစွာ တိုးတက်ခဲ့ပါသည်။
- တရားမမှုပြီးပြတ်မှုတိုးတက်မှုနှုန်း ၁၀၉%;
- ရာဇဝတ်မှု ပြီးပြတ်မှုတိုးတက်မှုနှုန်း ၁၀၅%;

***ဇယား (၂) - ရွှေ့ပြေးတရားရုံးများ အမှုပြီးပြတ်မှုနှုန်း (၂၀၁၃ - ၂၀၁၆)***

| Year | Hpa-An | | Taungoo | | Hlaing Thayar | | Overall | |
|---|---|---|---|---|---|---|---|---|
| | Criminal | Civil | Criminal | Civil | Criminal | Civil | Criminal | Civil |
| 2013 | 100% | 126% | 96% | 99% | 89% | 91% | 92% | 97% |
| 2014 | 96% | 82% | 100% | 74% | 95% | 123% | 95% | 102% |
| 2015 | 108% | 115% | 103% | 94% | 106% | 160% | 107% | 111% |
| Pilot Court period (Jul 2015 - Jun 2016) | 107% | 140% | 102% | 101% | 105% | 116% | 105% | 109% |

ရွှေ့ပြေး တရားရုံး အမှု ပြီးပြတ်နှုန်း

၂၀၁၃-၂၀၁၆ နှင့် ရွှေ့ပြေး တရားရုံး ကာလ

**လျာထားသတ်မှတ်ချက် (၂)- စစ်ဆေးဆဲအမှုများ၏သက်တမ်း**


စစ်ဆေးဆဲအမှုများ၏ သက်တမ်းအတွက် လျာထားသတ်မှတ်ချက်သည် တစ်နှစ်နှင့်နှစ်နှစ်အထက် စစ်ဆေးဆဲမှုခင်းများ၏ကြန့်ကြာမှုကို လျော့ချရန် ရည်မှန်းပါသည်။ ရှေ့ပြေးတရားရုံးများသည် ကြန့်ကြာမှုခင်းလျှော့ချသည့် သီးခြားလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကြန့်ကြာမှုခင်းများကို အောင်မြင်စွာ လျော့ချခဲ့ပါသည်။

**လျာထားသတ်မှတ်ချက်များ**- လျာထားသတ်မှတ်ချက်များသည် အချိန်သတ်မှတ်ချက် ကျော်လွန်နေသည့် **စစ်ဆေးဆဲအမှုစုစုပေါင်း၏ရာခိုင်နှုန်းကို** ရှေးဦးစွာလျော့ချရန်ဖြစ်ပါသည်။ ဤတိုင်းတာမှုသည် တစ်နှစ်အထက်နှင့် နှစ်နှစ်အထက်ကြန့်ကြာသည့် ရာဇဝတ်မှုနှင့် တရားမမှုများ၏ **စုစုပေါင်းအမှုအရေအတွက်**ကို လျော့ချရန်အဓိကမထားကြောင်း တွေ့ရပါသည်။ ရှေ့ပြေးအစီအစဉ်၏ ကနဦးနှစ်ကြန့်ကြာမှုခင်း လျော့ချရေးရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- နှစ်နှစ်အထက် ကြန့်ကြာမှုခင်းများကို ၂၀% *လျော့ချရန်*
- တစ်နှစ်အထက် ကြန့်ကြာမှုခင်းများကို ၁၀% *လျော့ချရန်*

**ရလဒ်** - ရှေ့ပြေးတရားရုံးများရှိ တစ်နှစ်အထက် နှင့် နှစ်နှစ်အထက် ကြန့်ကြာမှုခင်းများလျော့နည်းမှုရာခိုင်နှုန်းမှာ သိသာထင်ရှားစွာ တိုးတက်ခဲ့ပါသည်။ နှစ်နှစ်အထက် ကြန့်ကြာမှုခင်းများအား ၂၅% သို့ လည်းကောင်း၊ တစ်နှစ်အထက် ကြန့်ကြာမှုခင်းများအား ၁၅% သို့ လည်းကောင်း လျော့ချနိုင်ခဲ့ပါသည်။


***ဇယား (၃) ရှေ့ပြေးတရားရုံးများရှိ နှစ်နှစ်အထက် စစ်ဆေးဆဲအမှုများလျှော့ချနိုင်မှု***




| | Civil Over/2 year | Criminal Over 2 years | Overall |
|---|---|---|---|
| 2014 | 78 | 17 | 95 |
| 2016 | 51 | 20 | 71 |

- Pilot Court Pending Case survey, 11/1/14
- Pilot Court Pending Cases as of 6/30/16

*ဇယား (၄) ရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်အထက် စစ်ဆေးဆဲအမှုများလျှော့ချနိုင်မှု*




**လျာထားသတ်မှတ်ချက် ( ၃) - အမှုရုံးချိန်းသေချာမှု**

အမှုချိန်းသေချာမှုသည် တရားရုံးတွင် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့များ၊ အမှုရွှေ့ဆိုင်းမှုနှုန်းများကို လျှော့ချပြီး၊ တရားရုံး၏လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန် ရည်ရွယ်ပါသည်။ တရားရုံးများ၏ အမှုရွှေ့ဆိုင်းသည့်နှုန်းမြင့်မားခြင်း နှင့် အမှုကြားနာရန်ချိန်းဆိုမှု များပြားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် နှောင့်နှေးကြန့်ကြာမှုများကို လျော့နည်းစေရန် မှုခင်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း အသစ်ကို စတင်ကျင့်သုံးခဲ့ပါသည်။

**လျာထားသတ်မှတ်ချက်များ**

- ရာဇဝတ်မှုများတွင် အမှုကြားနာခြင်းကို (၁၀) ကြိမ်မှ (၇) ကြိမ်သို့ လည်းကောင်း၊
- တရားမမှုများတွင် အမှုကြားနာခြင်းကို (၁၆) ကြိမ်မှ (၁၀) ကြိမ်သို့ လည်းကောင်း လျှော့ချရန်၊
- ရာဇဝတ်မှုများတွင် အမှုရွှေ့ဆိုင်းမှုကို ၁၀% သို့ လည်းကောင်း၊
- တရားမမှုများတွင် အမှုရွှေ့ဆိုင်းမှုကို ၇% သို့လည်းကောင်း လျှော့ချရန်၊

**ရလဒ်များ**

- ရွှေ့ပြောင်းတရားရုံးများတွင် ရာဇဝတ်မှုနှင့် တရားမမှုများ၏ ပျမ်းမျှအမှုကြားနာသည့် အကြိမ်အရေအတွက် ကျဆင်းခဲ့ပါသည်။ ရာဇဝတ်မှုကြားနာရန်ချိန်းဆိုမှုမှာ (၁၀) ကြိမ်မှ (၄) ကြိမ်သို့ ကျဆင်းခဲ့ပြီး၊ ရွှေ့ပြောင်းတရားရုံးအတွက် လျာထားသတ်မှတ်ချက်ကို ကျော်လွန်ခဲ့ပါသည်။ တရားမမှုကြားနာသည့် အကြိမ်အရေအတွက်သည် လျာထားချက်မပြည့်မီကြောင်း တွေ့ရပါသည်။
- ရာဇဝတ်မှုများ အမှုရွှေ့ဆိုင်းသည့်နှုန်းမှာ ၆၁% မှ ၂၉.၆% သို့ကျဆင်းခဲ့သော်လည်း တရားမမှုများတွင် ၄၃.၆% မှ ၄၈.၂% သို့ မြင့်တက်ခဲ့ပါသည်။

*ဇယား (၅) - အမှုရုံးချိန်းသေချာမှု–အမှုတစ်မှုချင်းအလိုက် ကြားနာရန်ချိန်းဆိုသည့် ပျမ်းမျှအရေအတွက်*

| *Average Number of Hearings Scheduled Per Case* | *2014 Baseline ** | *2016 Performance Goal* | *All pilot courts Year Two Results *** |
|---|---|---|---|
| ***Civil cases*** | 16 | 10 | **13** |
| ***Criminal cases*** | 10 | 7 | **4** |

Source:
*Baseline obtained from 10/2014 Closed Case Survey analysis of random selection of cases disposed in 2013
**Data obtained from 6/2016 Closed Case Survey analysis of random selection of cases disposed in pilot court period (7/2015 - 6/2016)

**လျာထားသတ်မှတ်ချက် (၄) - တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု**

ရှေ့ပြေးတရားရုံးများတွင် မှုခင်းများ အချိန်နှင့်တစ်ပြေးညီ စီရင်ဆုံးဖြတ်မှုနှင့် ပြည်သူများနှင့် အမှုသည်များ၏ ရရှိသော တရားရုံးဝန်ဆောင်မှုအပေါ် ကျေနပ်မှုများကို တိုင်းတာရန် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းကို ကောက်ယူခဲ့ပါသည်။

**လျာထားသတ်မှတ်ချက်**


ရှေ့ပြေးတရားရုံးများ ဆောင်ရွက်ခြင်းမပြုမီ တရားရုံး အသုံးပြုသူများ၏ကျေနပ်မှု ကနဦးစစ်တမ်းကို ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး၊ နောက်ဆက်တွဲစစ်တမ်းကို ၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မှု ရည်မှန်းချက်အဖြစ် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု ၆၁.၅၅ % အား ၂၀၁၆ ခုနှစ်တွင် ၇၂% သို့ တိုးမြှင့်ရန်သတ်မှတ်ထားပါသည်။

**ရလဒ်များ**

ဆောင်ရွက်မှုအားလုံးအပေါ် အသုံးပြုသူများ၏ကျေနပ်မှုနှုန်း ၆၆% သည် ၂၀၁၄ ခုနှစ်၏ ကျေနပ်မှုနှုန်း ၆၁.၅၅ % မှ တိုးတက်လာခဲ့သော်လည်း၊ တိုးမြှင့်ရန်လျာထားသတ်မှတ်ထားသည့် ၇၂% သို့ ရောက်ရှိခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။

*ဇယား (၆) - တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်း*



## ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု (၂၀၁၆)ခုနှစ်

| မဟာဗျူဟာ အစီအစဉ်များနှင့်ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၁၆ ခုနှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **အပိုင်း (၁) အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကွယ်စောင့်ရှောက်ရန်**<br>*မဟာဗျူဟာရည်မှန်းချက် ၁.၁. တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူလက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်* | | | |
| **၁.၁.၁. အများပြည်သူကိုယ်တိုင် သတင်းအချက်အလက် ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း**<br>• တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် သတင်းအချက်အလက် (ဥပမာ လက်ကမ်းစာစောင်များ) ဖြန့်ဖြူးရန် စားပွဲကောင်တာများ ထားရှိပေးခြင်း<br>• တည်ဆောက်မည့်တရားရုံးများတွင် သတင်းအချက်အလက် (ဥပမာ လက်ကမ်းစာစောင်များ) ဖြန့်ဖြူးရန် စားပွဲကောင်တာများ ထားရှိပေးခြင်း | အထူး အရေးကြီး | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားလွှတ်တော် (၁)ရုံး ခရိုင်တရားရုံး (၂၁) ရုံး တိုးချဲ့ရှေ့ပြေးတရားရုံး(၅)ရုံး မြို့နယ်တရားရုံး (၃၂) ရုံးတို့တွင် အများပြည်သူကိုယ်တိုင် သတင်းအချက်အလက် ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း၊ | ရှေ့ပြေးတရားရုံး အသုံးပြုသူများ၏ ဆန်းစစ်ချက်အရ သတင်းအချက်အလက်များရယူနိုင်မှုအပေါ် ကျေနပ်မှုမှာ ၅၃% မှ ၅၈% သို့ တိုးတက်ခဲ့ပါသည်။ |
| **၁.၁.၂. အများပြည်သူဆိုင်ရာ ခေတ်မီသော အမှုလက်ခံဌာနများ ရှေ့ပြေးနမူနာပုံစံ ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်း၊**<br>• တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် အမှုလက်ခံဌာနများ ထားရှိပေးခြင်း<br>• တည်ဆောက်မည့်တရားရုံးများတွင် အမှုလက်ခံဌာနများ ထားရှိပေးခြင်း | အထူး အရေးကြီး | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားလွှတ်တော် (၁)ရုံး ခရိုင်တရားရုံး (၂၁) ရုံး တိုးချဲ့ရှေ့ပြေးတရားရုံး(၅)ရုံး မြို့နယ်တရားရုံး (၃၂) ရုံး တို့တွင် အများပြည်သူအတွက် ခေတ်မီသော အမှုလက်ခံဌာနများ ထားရှိပေးခြင်း၊ | |

| *မဟာဗျူဟာရည်မှန်းချက် ၁.၂. ပြည်သူများ၊ တရားစွဲဆိုသူများ နှင့်တရားစွဲဆိုခြင်းခံရသူများအားလုံးကို ယဉ်ကျေးလိုက်လဲလိုလားစွာ ဆက်ဆံပေးရန်* | | | |
|---|---|---|---|
| ၁.၂.၁. တရားသူကြီးများ၊ ရုံးဝန်ထမ်းများကို ဝန်ဆောင်မှုနှင့် ဆက်ဆံပြောဆိုမှု သင်တန်းများ ပေးခြင်း၊<br>• ဝန်ဆောင်မှုနှင့် ဆက်ဆံပြောဆိုမှု စံသတ်မှတ်ချက်များ၊ သင်တန်းအစီအစဉ်များ မြှင့်တင်ပေးခြင်း<br>• တိုးချဲ့ရွှေ့ပြေးတရားရုံးများ၏ တရားသူကြီးများ နှင့် ရုံးဝန်ထမ်းများအား ဝန်ဆောင်မှု သင်တန်းပေးခြင်း<br>• သင်တန်းဆရာများကို ဝန်ဆောင်မှု နှင့် ဆက်ဆံမှုဆိုင်ရာသင်တန်းများပေးခြင်း | အထူး အရေး ကြီး | • ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ | |
| **၁.၂.၂. တရားရုံးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရေးအတွက် မှုခင်းသတင်းအချက်အလက်စနစ်အား မြှင့်တင်ပေးခြင်း၊**<br>• မှုခင်းသတင်းအချက်အလက်စနစ် ကို USCတွင် မြှင့်တင်ခြင်း<br>• မှုခင်းသတင်းအချက်အလက်စနစ် ကို HCတွင် စတင် အကောင်အထည် ဖော်ခြင်း<br>• HC မှ ကွန်ပြူတာဝန်ထမ်းများအား မှုခင်းသတင်းအချက်အလက်စနစ် အသုံးပြုမှုသင်တန်းပေးခြင်း<br>• HC ၏ မှုခင်းသတင်းအချက်အလက် များစတင်ထည့်သွင်းခြင်း | အထူး အရေး ကြီး | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှုခင်း အချက်အလက်များအား အချိန်နှင့် တစ်ပြေးညီထည့်သွင်း ဆောင်ရွက်ခြင်း<br>• ကြားနာမည့်/အမိန့်ချမှတ်မည့် အမှုစာရင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website မှတစ်ဆင့် ကြေညာပေးခြင်း | အချိန်သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ခဲ့ပါသည်။ |
| **၁.၂.၃. တရားမမှုခင်းများတွင် စေ့စပ်ဖြန်ဖြေမှု နည်းလမ်းအသုံးပြုနိုင်ရေးအတွက် ဖြစ်နိုင်ခြေများကို လေ့လာခြင်း၊**<br>• အလုပ်ရုံဆွေးနွေးပွဲများ၊ဆွေးနွေးပွဲများ ပြုလုပ်ခြင်း<br>• စာတမ်းပြုစုတင်ပြခြင်း<br>• လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း | အလယ် အလတ် အဆင့် ဦးစားပေး | • JICA နှင့် ပူးပေါင်း၍ နေပြည်တော်တွင် Discussion for Civil Litigation and Mediation/Settlementဆွေးနွေးပွဲကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ အတွင်း ပြုလုပ်ခဲ့ခြင်း<br>• ဂျပန်နိုင်ငံသို့ Civil Litigation and Settlement Mediation လေ့လာရေးခရီးစဉ် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း သွားရောက်ခြင်း | တရားသူကြီး (၄၀)ဦးတက်ရောက်ခဲ့ပါသည်။<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ(၆)ဦး လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။ |

| *မဟာဗျူဟာရည်မှန်းချက် ၁.၃. တရားရုံးဝန်ဆောင်မှုများကို ပြည်သူများ လက်လှမ်းမီစေရေးအတွက် တရားရုံးအဆင်အပြင်များကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံများဖြင့်ပြန်လည်မွမ်းမံရန်* | | | |
|---|---|---|---|
| **၁.၃.၁. ပြည်စုံလုံလောက်၍ စိတ်ချရသော အခွင့်အလမ်းများ ပေးအပ်နိုင်ရန်နှင့် ပြည်သူများ၏ယုံကြည်မှုများ တိုးမြှင့်လာစေရန်အတွက် တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် အထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ခြင်း၊**<br>• တိုးချဲ့ရှေ့ပြေးတရားရုံး အသီးသီး အတွက် ပြန်လည်မွမ်းမံသည့် အစီအစဉ်များ ချမှတ်ခြင်း<br>• တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် ဒီဇိုင်း ပြောင်းလဲခြင်း (သက်သေတများ၊ ရုံးတွင်းလမ်းညွှန်)<br>• တိုးချဲ့ရှေ့ပြေးတရားရုံး အသီးသီး အတွက် အထောက်အပံ့ပစ္စည်းများ ဆောင်ရွက်ပေးခြင်း | အထူး အရေးကြီး | • USAID-PRLP မှ တိုးချဲ့ ရှေ့ပြေး တရားရုံးများတွင် ကွန်ပျူတာနှင့် ပရင်တာ (၃၃)စုံ ထောက်ပံ့ပေးခြင်း<br>• တိုးချဲ့ရှေ့ပြေးတရားရုံးများ အတွက် လိုအပ်သော ရုံးသုံး ပရိဘောဂများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ခွဲဝေ ပေးသော အသုံးစရိတ်ငွေစာရင်း ထဲမှ ထုတ်ယူသုံးစွဲစေခြင်း | ရှေ့ပြေးတရား ရုံး အသုံးပြုသူ များ၏ ဆန်းစစ် ချက်အရ သတင်းအချက် အလက်များ ရယူနိုင်မှု အပေါ် ကျေနပ်မှုမှာ ၅၃% မှ ၅၈% သို့ တိုးတက် ခဲ့ပါ သည် |
| **၁.၃.၂ တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ အထောက်အပံ့ပစ္စည်းများတိုးတက်ရေး အစီအစဉ်များ မြှင့်တင်ခြင်းနှင့်လက်တွေ့ အကောင်အထည်ဖော်ခြင်း**<br>• တရားရုံးများ၏ အထောက်အပံ့ပစ္စည်း တိုးတက်ရေးအစီအစဉ်များချမှတ်ခြင်း<br>• ရွေးချယ်ထားသောတရားရုံးများတွင် ကလေးသက်သေစစ်မေးရန် အထောက် အပံ့ပစ္စည်းများ တပ်ဆင်ပေးခြင်း၊ IP များနှင့်ပူးပေါင်းအကဲဖြတ်မှုများအပေါ် အခြေခံ၍ ကလေးသူငယ်များအတွက် ကောင်းမွန်သည့် တရားရုံး ပတ်ဝန်းကျင် ထူထောင်ပေးခြင်း | ထိပ်တန်း အဆင့် ဦးစား ပေး | • တစ်နိုင်ငံလုံးရှိ တရားရုံးများ အတွက် ကွန်ပျူတာ (၂၄၅)စုံ၊ ပရင်တာ(၂၂၅)စုံ၊လက်နှိပ်စက် (၆၂)လုံး၊ ဖက်စ်(၂၀၀)လုံး၊ မိတ္တူကူးစက်(၁၂)လုံး၊ လေအေးပေးစက်(၁၂)လုံး၊ပန်ကာ (၇)လုံး၊မီးအားမြှင့်စက်၊ဘီဒို၊ စားပွဲ၊ ကုလားထိုင်၊ အမှုတွဲ တင်စင်၊ ခုံတန်းရှည်စသည့် ပရိဘောဂပစ္စည်းများ ထောက်ပံ့ ပေးခြင်း | အချိန်သတ်မှတ် ချက်နှင့်အညီ ဆောင်ရွက်ခဲ့ ပါသည် |

| | | | |
|---|---|---|---|
| **အပိုင်း(၂) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်** | | | |
| ***မဟာဗျူဟာရည်မှန်းချက် ၂.၁. သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန်*** | | | |
| **၂.၁.၁. တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား သတင်းမီဒီယာနှင့်ဆက်ဆံရေး သင်တန်းများ ပို့ချပေးခြင်း၊**<br>• တရားရေးသင်တန်းကျောင်းတွင် တရားသူကြီးအသစ်များနှင့် မွမ်းမံသင်တန်းများအတွက် ကျွမ်းကျင်သူဖြင့် ပို့ချရန် စီစဉ်ခြင်း | အထူး အရေး ကြီး | • သတင်းအချက်အလက်၊နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယ မြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်း (၂) ကြိမ်တွင် တရားရုံး သတင်းမီဒီယာဆက်ဆံရေး သင်ခန်းစာများပို့ချခြင်း | သင်တန်းသား စုစုပေါင်း ၁၅၉ ဦး တက်ရောက်ခဲ့ပါသည် |
| **၂.၁.၂. တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်း၊**<br>• ဆရာဖြစ်သင်တန်းနှင့်တာဝန်ပေးခံရသူများကို ကျွမ်းကျင်သူဖြင့် ပို့ချရန် စီစဉ်ခြင်း<br>• ဌာနတွင်းလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်စေခြင်း | ထိပ်တန်း အဆင့် ဦးစားပေး | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ဝက်ဆိုက်ဒ်နှင့် Social Media ဖြစ်သည့် Facebook Page တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်ချမှတ်မည့် အမှုများစာရင်း၊ အမှုခေါ်စာရင်းတို့ကို ဖော်ပြပေးခြင်း | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည် |
| **၂.၁.၃. အများပြည်သူသတင်းအချက်အလက်ဆိုင်ရာအစီအစဉ်များကို နိုင်ငံတော်အဆင့် လုပ်ဆောင်ခြင်း**<br>• အစီအစဉ်ပြုလုပ်ခြင်း (ဥပမာ သတင်းလက်ကမ်းစာစောင်များ၊ ဝက်ဘ်ဆိုက် မွမ်းမံခြင်း၊ တရားသူကြီး များအတွက် မီဒီယာ လက်စွဲထုတ်ဝေခြင်း)<br>• တရားရေးဂျာနယ်နှင့် နှစ်စဉ်စီရင်ထုံးစာအုပ် ထုတ်ဝေခြင်း<br>• USC ၏ဆောင်ရွက်ချက်များ၊ လုပ်ငန်းများ မှတ်တမ်းစာအုပ်ပြုစုခြင်း၊ဖြန့်ဝေခြင်း<br>• အာဆီယံတရားရေးပေါ်တယ် ဖွံ့ဖြိုးစေခြင်း<br>• နိုင်ငံခြားဥပဒေ/ တရားရေးအဖွဲ့အစည်းများနှင့် ဥပဒေများ၊ ဥပဒေရေးရာစာအုပ်များနှင့် အခြားအရာများဖလှယ်ခြင်း<br>• ပထမနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ်အတွက် အစီရင်ခံစာ ထုတ်ပြန်ခြင်း | အထူး အရေးကြီး<br><br>ထိပ်တန်း အဆင့်<br><br>အလယ် အလတ် အဆင့်<br><br>ထိပ်တန်း အဆင့် | • တရားရုံး လက်ကမ်းစာစောင် (၄) မျိုး စုစုပေါင်းစောင်ရေ(၃၈၀၀၀၀) ထုတ်ဝေ ဖြန့်ဖြူးခြင်း<br>• တရားရေးဂျာနယ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ခြင်း<br>• ၂၀၁၅ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာအုပ်ထုတ်ဝေခြင်း<br>• အာဆီယံတရားရေးပေါ်တယ်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း<br>• ဂျပန်၊စင်္ကာပူ၊UNODC, UN-AFEI,USAID, ADB တို့မှ ဥပဒေရေးရာစာအုပ် စုစုပေါင်း (၇၀)အုပ် လက်ခံရရှိပြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာကြည့်တိုက်တွင် ထားရှိခြင်း<br>• မဟာဗျူဟာပထမနှစ်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အစီရင်ခံစာ ထုတ်ပြန်ခြင်း | ပြည်သူများ တရားရုံးနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်ဗဟုသုတ ရရှိမှုနှင့်ပတ်သက်၍ တိုင်းတာ အကဲဖြတ်နိုင်ခြင်း မရှိပါ။ |

| *မဟာဗျူဟာရည်မှန်းချက် ၂.၂. တရားရုံးအသိုက်အဝန်းတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်* | | | |
|---|---|---|---|
| **၂.၂.၁. တရားရုံး သတင်းအချက်အလက်ဆိုင်ရာအစီအစဉ်များကို အကောင်အထည်ဖော်ရန်**<br>• USC ၏ အင်တာနက်စာမျက်နှာတွင် ဒေသတရားရုံးများ အကြောင်းဖော်ပြခြင်း<br>• ရွေ့ပြောင်းတရားရုံး သတင်းအချက်အလက်များဖော်ပြခြင်း<br>• USC ၏ သတင်းအချက်အလက်များ ဖော်ပြခြင်း | အထူးအရေးကြီး | • ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ Website တွင်ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော်များ၏ တည်နေရာ/ လိပ်စာများကို မြေပုံနှင့်တကွဖော်ပြပေးခြင်း<br>• ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ သတင်းအချက်အလက်များကို အချိန် နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြပေးခြင်း | တရားရုံး Website သို့ ဝင်ရောက်ကြည့်ရှုသူ အရေအတွက်မှာ ၂၀၁၆ ခုနှစ်၊ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ ဦးရေ (၅၂၇၀၆၂) ရှိကြောင်း တွေ့ရပါသည်။ |

| | | | |
|---|---|---|---|
| **အပိုင်း(၃)တရားစီရင်ရေး၏ လွတ်လပ်မှုနှင့်တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်**<br>*မဟာဗျူဟာရည်မှန်းချက် ၃.၁. ပြည်သူ့ဘဏ္ဍာကို အသုံးပြုရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန် အတွက် ဘတ်ဂျက်နှင့်ငွေအသုံးစရိတ်ရှင်းတမ်းများကို စီမံကြီးကြပ်ရန်၊ မှန်ကန်မျှတသည့် တစ်စုတစ်စည်းတည်း သော ဘတ်ဂျက်ကို စီမံကြီးကြပ်ရေးအတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန်* | | | |
| **၃.၁.၁. USC နှင့် HC အဆင့်များတွင် တစ်စု တစ်စည်းတည်းသော တရားရုံးဘတ်ဂျက်ကို စီမံကြီးကြပ်သည့် စွမ်းဆောင်ရည် တိုးမြှင့် ခြင်း၊**<br>• ဘတ်ဂျက်တာဝန်ရှိသူ များကို budget data-base သင်တန်းပေးခြင်း<br>• ဘတ်ဂျက်ဖော်ပြချက် ပြင်ဆင်ခြင်း(budget narrative) | အထူး အရေးကြီး | • ၂၀၁၆ ခုနှစ်အတွင်း ဘတ်ဂျက် တာဝန် ရှိသူများကို budget database သင်တန်းပေးခြင်းနှင့်ဘတ်ဂျက်ဖော်ပြ ချက် ပြင်ဆင်ခြင်း (budget narrative) များကို ပြင်ဆင်ဆောင်ရွက်နိုင်ခြင်း မရှိပါ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်အတွက် ဘတ်ဂျက် အဆိုပြု ချက်ကို အချိန်မီ တင်ပြခဲ့သည် |
| **၃.၁.၂. ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက်ဦးစားပေး အစီအစဉ်များ၏ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း၊**<br>• USC၏လက်ရှိမဟာ ဗျူဟာစီမံကိန်းကို ကျွမ်းကျင်သူဖြင့် အကဲဖြတ်ခြင်း<br>• တရားစီရင်ရေးဆိုင်ရာ ဘတ်ဂျက်ဦးစားပေးလုပ် ငန်းစဉ်ကို ကျွမ်းကျင်သူ ဖြင့် အကဲဖြတ်ခြင်း<br>• USC တွင် အသုံးပြုမည့် အဖွဲ့အစည်းဆိုင်ရာ နှင့် လုပ်ငန်းစဉ်မြှင့်တင်မှု အကောင်အထည် ဖော်ခြင်း | အထူး အရေးကြီး | • ကျွမ်းကျင်သူဖြင့် အကဲဖြတ်ဆောင် ရွက်နိုင်ခဲ့ခြင်း မရှိပါ | |

| *မဟာဗျူဟာရည်မှန်းချက် ၃.၂. ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ထိရောက်မှုရှိသည့် တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် လိုအပ်သည့် စွမ်းဆောင်မှုများ မြှင့်တင်ရန်* | | | |
|---|---|---|---|
| **၃.၂.၁. USC တွင်IT စွမ်းဆောင်ရည်များမြှင့်တင်ခြင်း**<br>• USC နှင့် HC များ အကြား ဆက်သွယ်ရေး ကွန်ယက်မြှင့်တင်ခြင်း<br>• ရှေ့နေလိုင်စင်လျှောက်ထားမှုများကို နှစ်အလိုက် မှတ်တမ်းတင်ထားခြင်း<br>• ပြစ်မှု၊တရားမ၊စာချွန် တော်လျှောက်ထားမှုများ ကိုနှစ်အလိုက် မှတ်တမ်း တင်ထားခြင်း | အထူး အရေးကြီး | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော် (၉)ရုံးတို့အကြား ဆက်သွယ် ဆောင်ရွက်နိုင်ရန် Virtual Private Network နှင့် Video Conferencing system တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Network အား အဆင့်မြှင့်တင်ခြင်း<br>• ရှေ့နေမှတ်ပုံတင်စာရင်း စာအုပ်တွင် စာရင်းသွင်းထားရှိသော လိုင်စင်ပေးအပ်ပြီးသူ အထက်တန်းရှေ့နေလိုင်စင်အမှတ် (၄၇၁၀၀)ထိနှင့် တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ်(၁၁၅၅၃)အထိ တို့၏ ကိုယ်ရေးအချက်အလက်များကို ကွန်ပြူတာဖြင့် မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်း<br>• ပြစ်မှု၊တရားမ၊စာချွန်တော် လျှောက်ထားမှုများကို နှစ်အလိုက် ကွန်ပျူတာဖြင့် မှတ်တမ်းတင်ထားခြင်း | ဆောင်ရွက်ပြီးစီးခဲ့ပါသည် |
| **၃.၂.၂ USC ရုံးဝန်ထမ်းများ အတွက်IT သင်တန်းများ ပေးခြင်း**<br>• ဝန်ထမ်းများအားကွန်ပျူတာအခြေခံသင်တန်းပေးခြင်း<br>• ဝန်ထမ်းများအားကွန်ပျူတာအဆင့်မြှင့်သင်တန်း ပေးခြင်း<br>• Case Management System သင်တန်း ပေးခြင်း | ထိပ်တန်း အဆင့် ဦးစားပေး | • ကွန်ပျူတာအခြေခံအဆင့်၊ အလယ်အလတ်အဆင့် နှင့် မွမ်းမံသင်တန်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဝန်ထမ်းများကို ပို့ချသင်တန်းများ ပေးခြင်း၊<br>• UNDP နှင့်ပူးပေါင်း၍ မန္တလေးနှင့်ရှမ်း တရားလွှတ်တော်များတွင် ကွန်ပျူတာ အသုံးပြုမှုအဆင့်မြှင့်တင်ရေး မိတ်ဆက်သင်တန်းများပေးခြင်း<br>• Case Management System(CMS) သင်တန်းများ ပေးခြင်း | သင်တန်းသားစုစုပေါင်း(၄၉)ဦး တက်ရောက်ခဲ့ပါသည်<br>သင်တန်းသားစုစုပေါင်း(၁၇)ဦး တက်ရောက်ခဲ့ပါသည်<br>သင်တန်းသား စုစုပေါင်း(၁၉၈)ဦး တက်ရောက်ခဲ့ပါသည် |

<table>
<tr><th colspan="4">အပိုင်း(၄)- သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာ</th></tr>
<tr><td colspan="4">မဟာဗျူဟာရည်မှန်းချက် ၄.၁. တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ဗဟုသုတ၊လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များတိုးမြှင့်ပေးရန်</td></tr>
<tr>
<td>၄.၁.၁. တရားသူကြီးများအတွက် သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာ သင်တန်းများတိုးမြှင့်ပို့ချပေးခြင်း၊<br>• လက်တွေ့ကျွမ်းကျင်မှု အပါအဝင် ဦးစားပေးနယ်ပယ်များတွင် တရားသူကြီးများအတွက် သင်တန်း အစီအစဉ်များ ပြုလုပ်ခြင်း (ဥပမာ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ မှုခင်းစီမံခန့်ခွဲမှု၊Code of Conduct၊Legal English၊Child Right)<br>• လုပ်ငန်းဝင်သင်တန်း၏ သင်ရိုးညွှန်းတမ်းကို အဆင့်မြှင့်တင်ခြင်း<br>• ကလေးသူငယ်တရားမျှတမှု ရရှိရေးကိစ္စများအပါအဝင် သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း<br>• မြို့နယ်၊ခရိုင်အဆင့်တရားသူကြီးများ၊ ဝန်ထမ်းများအား ကလေးသူငယ်တရားမျှတမှုနှင့်စပ်လျဉ်းသည့် သင်တန်းများပေးရန်လိုအပ်မှုရှိမရှိ စိစစ်ခြင်း၊ လိုအပ်ပါက သင်တန်းပေးခြင်း<br>• တရားသူကြီးများအား ပုံမှန်သင်တန်းပေးခြင်း<br>• ဆရာဖြစ်သင်တန်းပေးခြင်း<br>• ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာပူးတွဲသင်တန်းများပေးခြင်း<br>• ဆွေးနွေးပွဲ၊အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ ပြုလုပ်ခြင်း၊</td>
<td>ထိပ်တန်းအဆင့်ဦးစားပေး</td>
<td>• မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းတွင် Case Study ပြုလုပ်ရာတွင် Sharing Experience Style ဖြင့် ပြုလုပ်အကောင်အထည်ဖော်နိုင်ခဲ့ခြင်း<br>• JICA အကူအညီဖြင့် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းများတွင် Basic Skill for Legal Professional နှင့် Fundamentals of Intellectual Property သင်ခန်းစာ ပို့ချခြင်း<br>• သင်တန်းလိုအပ်ချက်များကို ဆန်းစစ်ခြင်း၊ သင်တန်းသားများထံမှ သဘောထားမှတ်ချက်များရရန် Questionnaire များပြုစုခြင်း နှင့် သင်တန်း တိုးတက်ရေးကိစ္စများကို JICA နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊<br>• ပုံမှန် သင်တန်းများအဖြစ် မြို့နယ်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်း(၁)ကြိမ် နှင့် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း(၂)ကြိမ် ဖွင့်လှစ်ခဲ့ခြင်း၊<br>• မျှတသည့်တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ဆရာဖြစ်သင်တန်းကို UNDPနှင့် ပူးပေါင်းဖွင့်လှစ်ခြင်း၊<br>• Rule of Law Principles and Evidential Analysis သင်တန်းကို UNDP နှင့် ပူးပေါင်းဖွင့်လှစ်ခြင်း၊<br>• “တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များအလုပ်ရုံဆွေးနွေးပွဲ”ကို UNDP, ICJ တို့နှင့်ပူးပေါင်းပြုလုပ်ခြင်း<br>• “ဥပဒေသုံးအင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းနှင့် ဥပဒေ သုံးအင်္ဂလိပ်စာဆရာဖြစ်သင်တန်း”များကို UNDPနှင့် ပူးပေါင်းဖွင့်လှစ်ခြင်း၊<br>• အာဆီယံ တရားစီရင်ရေးသင်တန်းသို့ တရားရေးအရာရှိ(၂)ဦး၊ ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ်သို့ တရားရေးအရာရှိ (၃) ဦး၊ စင်ကာပူတရားရုံး လေ့လာရေး အစီအစဉ်တွင် တရားရေးအရာရှိ (၂) ဦး၊ ဩစတေးလျ လုပ်ငန်းခွင့် လေ့လာမှုအစီအစဉ်တွင် တရားရေးအရာရှိ(၃)ဦး သွားရောက်ခဲ့ခြင်း</td>
<td>ရှေ့ပြေးတရားရုံး အသုံးပြုသူများ၏ ကျေနပ်မှုမှာ ၆၂ %မှ ၆၉ % သို့ မြှင့်တက်ခဲ့သည်</td>
</tr>
</table>

| | | | |
|---|---|---|---|
| • ပညာသင်နှင့်ဥပဒေဆိုင်ရာသတင်းအချက်အလက်များဖြန့်ဝေခြင်း<br>• နိုင်ငံခြားအဖွဲ့အစည်းများနှင့် ဆောင်ရွက်မည့်စွမ်းရည်တိုးမြှင့်ရေးဆိုင်ရာသင်တန်းများအတွက်နှစ်စဉ်လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ဆောင်ရွက်ခြင်း<br>• နိုင်ငံခြားအစည်းအဝေး၊သင်တန်း၊လေ့လာရေးအတွေ့အကြုံရှင်းလင်းပွဲများပြုလုပ်ခြင်း<br>• ဥပဒေရေးရာသုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်း<br>• အာဆီယံတရားရေးအဖွဲ့အစည်းများနှင့်ပူးတွဲသင်တန်းများ ကျင်းပခြင်း<br>• နိုင်ငံခြားတရားရုံးများတွင် တရားရေးအရာရှိများကို တွဲဖက်ထားခြင်း<br>• လူငယ်တရားသူကြီးများအတွက် ပညာတော်သင်အစီအစဉ်များဆောင်ရွက်ခြင်း | ထိပ်တန်းအဆင့်ဦးစားပေး | • ၂၀၁၆ခုနှစ်အတွင်းပြည်ထောင်စုတရားသူကြီးချုပ် နှင့် တရားသူကြီးများ/ တရားရေးအရာရှိ အဆင့်ဆင့်တို့သည် ဒေသဆိုင်ရာအစည်းအဝေးစုစုပေါင်း ၃၆ ခု သို့ တက်ရောက်ခဲ့ခြင်း<br>• နိုင်ငံခြားအစည်းအဝေး၊ သင်တန်း၊လေ့လာရေးအတွေ့အကြုံရှင်းလင်းပွဲများကို အပတ်စဉ်အင်္ဂါနေ့တိုင်းပြုလုပ်ခဲ့ခြင်း<br>• ၂၀၁၆ ခုနှစ် JDS ပညာတော်သင်ဆုအတွက် တရားရေးအရာရှိ (၂) ဦးနှင့် Youth Excellence Scheme of China Program ပညာတော်သင်ဆုအတွက် တရားရေးအရာရှိ (၁)ဦးတို့ သွားရောက်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း | |
| **၄.၁.၂. တရားရုံးဝန်ထမ်းများအတွက် ပြည်သူလူထု၏ကျေနပ်မှုကို ထိရောက်လုံလောက်စွာ တိုးမြှင့်နိုင်သည့် စွမ်းရည်ဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း**<br>• ရုံးဝန်ထမ်းများအတွက် စံသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများဖြစ်ပေါ်စေခြင်း<br>• ဝန်ထမ်းလက်စွဲ(များ)ရေးဆွဲခြင်း<br>• ရှေ့ပြေးတရားရုံးဝန်ထမ်းများအတွက် စွမ်းရည်ဆိုင်ရာသင်တန်း ပေးခြင်း<br>• ဝန်ထမ်းများအား အမှုလက်ခံသည့် သင်တန်းပေးခြင်း<br>• ဝန်ထမ်းများအား ကျင့်ဝတ်နှင့် စည်းကမ်းဆိုင်ရာသင်တန်းများပေးခြင်း | ထိပ်တန်းအဆင့်ဦးစားပေး | • ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ခရိုင်တရားရုံးများတွင် စာရေးဝန်ထမ်းသင်တန်း စုစုပေါင်း (၁၄)ကြိမ် ပို့ချပေးခြင်း<br>• JICA နှင့်ပူးပေါင်း၍ သင်တန်းတွင် Case Study ပြုလုပ်ကာ သင်ထောက်ကူပစ္စည်းအဖြစ် အမှုတွဲဖိုင်များပြုစုခြင်း | တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုအားဆန်းစစ်တိုင်းတာနိုင်ခြင်းမရှိပါ |
| **၄.၁.၃ တရားသူကြီးများ ဗဟုသုတအရင်းအမြစ် လက်လှမ်းမီစေရေးအတွက် တရားရုံးစာကြည့်တိုက်များ၏ အဆင့်မြင့်တင်ပေးခြင်း**<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်စာကြည့်တိုက်အတွက် စီမံချက်ရေးဆွဲခြင်း၊(ဥပမာ- e-library အတွက်ပြင်ဆင်ဆောင်ရွက်ခြင်း | အလယ်အလတ်အဆင့်ဦးစားပေး | • တရားစီရင်ရေးကဏ္ဍတွင် ICT နည်းပညာ ဖွံ့ဖြိုး တိုးတက်စေရေး မဟာဗျူဟာစီမံကိန်းရေးဆွဲရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်စာကြည့်တိုက်အတွက် online e-library system နှင့် local e-library system များ အသုံးပြုနိုင်ရေးအတွက် ထည့်သွင်းရေးဆွဲရန် စီစဉ်ဆောင်ရွက်ခြင်း | အချိန်သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ခဲ့ပါသည် |

| *မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားသူကြီးများ၏ပညာရပ်ဆိုင်ရာတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်* | | | |
|---|---|---|---|
| **၄.၂.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လေ့ကျင့်ဌာနနှင့် တရားရေးလေ့ကျင့်သင်တန်းကျောင်းတို့၏ စွမ်းဆောင်ရည်မြှင့် တင်ပေးခြင်း၊**<br>• ·JICA Project အရ ဂျပန်သို့နှစ်စဉ်လေ့လာရေးသွားရောက်ခြင်း<br>• သင်တန်းကျောင်းအဖွဲ့အစည်းတိုးတက်မှုဆိုင်ရာ စီမံကိန်း (ဥပမာ အထောက်အပံ့ပစ္စည်းများ၊ စာကြည့်တိုက်၊ IT၊ ဖွဲ့စည်းပုံ၊ ဝန်ထမ်းဖြည့်တင်းခြင်း၊ သင်ရိုးညွှန်းတမ်း တိုးတက်ဖြစ်ပေါ်စေခြင်း၊ သင်တန်းဆရာခေါ်ယူခြင်း၊ ဆရာဖြစ်သင်တန်း) | ထိပ်တန်းအဆင့်ဦးစားပေး | • JICA နှင့်ပူးပေါင်း၍ လေ့ကျင့်ဌာနနှင့် လေ့ကျင့် သင်တန်းကျောင်း စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းလုပ်ငန်းတွင် သင်တန်းဌာန၏ လိုအပ်ချက်များကို ဆန်းစစ်ခြင်း၊ လေ့ကျင့်သင်တန်းကျောင်း၏ လိုအပ်သည့် ပစ္စည်းများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများပေးအပ်ရန် ဆောင်ရွက်ခြင်း | ရလဒ်တိုင်းတာနိုင်ခဲ့ခြင်းမရှိပါ |
| **၄.၂.၂ ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာပညာရပ်နှင့် ကျင့်ဝတ်ဆိုင်ရာနည်းဗျူဟာများ မြှင့်တင်ခြင်း**<br>• ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအစီအစဉ်များချမှတ်ခြင်း<br>• ကျင့်ဝတ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း<br>• တရားစီရင်ရေးကျင့်ဝတ်မူကြမ်းရေးဆွဲခြင်း<br>• တရားစီရင်ရေးပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းရှာဖွေခြင်း၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း<br>• တရားစီရင်ရေးပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | အထူးအရေးကြီး | • မြန်မာ့တရားစီရင်ရေးစနစ် အခြေခံမူများနှင့် ကိုက်ညီသည့် တရားစီရင်ရေးကျင့်ဝတ်ဆိုင်ရာများကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ ပေါင်းစပ်ဖြည့်စွက်ကာ ပြည့်စုံကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်မူကြမ်း ရေးဆွဲနိုင်ခဲ့ခြင်း၊<br>• မူကြမ်းကို တရားရေးဝန်ထမ်းများအား ချပြ၍ အကြံပြုချက်များရယူခြင်း၊ ပြင်ဆင်ဖြည့်စွက်ရန် သင့်/မသင့် ဆွေးနွေးခြင်း | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည် |

| | | | |
|---|---|---|---|
| **အပိုင်း(၅) အမှုများစစ်ဆေးရာတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှု** | | | |
| *မဟာဗျူဟာရည်မှန်းချက် ၅.၁. မှုခင်းလုပ်ငန်းစဉ်များ အချိန်မှီဆောင်ရွက်နိုင်မှု တိုးတက်လာစေရေးအတွက် ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များ တိုးမြှင့်လုပ်ဆောင်ရန်* | | | |
| **၅.၁.၁. တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း၊**<br>• အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူဖြင့် တရားရေးအရာရှိများ၊ တရားသူကြီးများအတွက် သင်တန်းစီစဉ်ပေးခြင်း၊<br>• အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူမှ HCများနှင့် အမှုများသည့် ခရိုင်၊ မြို့နယ်တရားရုံးမှ တရားသူကြီးများကို သင်တန်းပေးခြင်း၊<br>• ရှေ့ပြေးတရားရုံးတရားသူကြီးများ နှင့် ဝန်ထမ်းများအတွက် မှုခင်းစီမံခန့်ခွဲမှုအထူးသင်တန်း ပို့ချခြင်း<br>• မှုခင်းစီမံခန့်ခွဲရေးလေ့ကျင့်သင်ကြားမှုကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း၍ ဆရာဖြစ်သင်တန်းပေးခြင်း | အထူး အရေး ကြီး | • တရားသူကြီးများနှင့်တရားရုံး ဝန်ထမ်းများအတွက်မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများကို USAID-PRLP ကျွမ်းကျင်သူဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ လေ့ကျင့်သင်တန်းကျောင်း၏ပုံမှန်သင်တန်းများနှင့် ရှေ့ပြေးတရားရုံးများ၏ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအတွက် အထူးသင်တန်းများ ဖွင့်လှစ်ခဲ့ခြင်း<br>• ရှေ့ပြေးတရားရုံးများတွင် တရားရုံးအသုံးပြုသူများအပေါ် စစ်တမ်းကောက်ယူခြင်း၊ အကဲဖြတ်လေ့လာခြင်း၊ ဆုံးဖြတ်ပြီးအမှုများစစ်တမ်းကောက်ယူခြင်းတို့ ပြုလုပ်ခဲ့ခြင်း<br>• ရှေ့ပြေးတရားရုံးအစီအစဉ်မိတ်ဆက်ခြင်းနှင့် မှုခင်းစီမံခန့်ခွဲရေးအလုပ်ရုံဆွေးနွေးပွဲနှင့်ရှေ့ပြေးတရားရုံးများတွင် အသုံးပြုမည့် Case Tracking Database အတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း<br>• ရှေ့ပြေးတရားရုံးအစီအစဉ်မွမ်းမံသင်တန်းကျင်းပခြင်း၊ | • ရှေ့ပြေးတရားရုံးများ၏ မှုခင်းပြီးပြတ်မှုနှုန်းများမှာ တရားမမှု ၁၀၉% နှင့် ရာဇဝတ်မှု ၁၀၅%ဖြစ်ပြီး ရည်မှန်းချက်ထက်ကျော်လွန်ခဲ့သည်။<br>• ကြန့်ကြာမှုများ လျှော့ချနိုင်မှုမှာ-(၂) နှစ် အထက်ကြန့်ကြာအမှုများ ၂၅% နှင့် (၁)နှစ် အထက်ကြန့်ကြာအမှုများ ၁၅%အထိ လျှော့ချနိုင်ခဲ့သည်။<br>• အမှုရွှေ့ဆိုင်းမှုနှုန်းမှာ ရာဇဝတ်မှုများတွင် လျော့နည်းခဲ့ပြီး တရားမမှုများတွင် လျာထားချက်ပြည့်မီခဲ့သည်။ |
| **၅.၁.၂. မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို မြှင့်တင်ပေးခြင်း၊**<br>• မှုခင်းလုပ်ငန်းစဉ်ဇယားအသုံးပြုခြင်း<br>• အာဆီယံဒေသအတွင်း တရားမ ဆင့်စာချအပ်မှု လွယ်ကူစေရန် စွမ်းဆောင်ရည်မြှင့်တင်ခြင်း | အလယ် အလတ် အဆင့် | • ရှေ့ပြေးတရားရုံးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများနှင့် ရှေ့ပြေးတရားရုံးအစီအစဉ်မွမ်းမံသင်တန်းတို့တွင် မှုခင်းလုပ်ငန်းစဉ်ဇယား အသုံးပြုခြင်း အခြေအနေကို တင်ပြခဲ့ပြီး၊ မှုခင်းစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် အတူ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း၊ | |

| | | | |
|---|---|---|---|
| ၅.၁.၃. မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ပြောင်းလဲမှုများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊<br>• ရှေ့ပြေးတရားရုံးရှိ ပြည်သူနှင့် အဓိကသက်ဆိုင်သူများ(ဥပမာ ရဲ၊ ဥပဒေအရာရှိ၊ ရှေ့နေများ) သို့ မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ ပြောင်းလဲမှုများကို ရှင်းလင်းပြောပြရန် အစီအစဉ် ပြုလုပ်ခြင်း<br>• ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း | အထူးအရေးကြီး | • ရှေ့ပြေးတရားရုံးရှိ ပြည်သူနှင့်အဓိကသက်ဆိုင်သူများသို့ မှုခင်းပြောင်းလဲမှုများအပေါ် ရှင်းလင်းဆွေးနွေးပွဲ (Consultation Meeting)များကို ၂၀၁၆ ခုနှစ်အတွင်း စုစုပေါင်း(၁၂)ကြိမ် ကျင်းပခဲ့ခြင်း၊ | |
| **၅.၁.၄ ရှေ့ပြေးတရားရုံးများတွင် အချက်အလက်ကိန်းဂဏန်းများ (ဥပမာအားဖြင့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးစီးမှု၊ စစ်ဆေးဆဲ အမှုများ၏ ကြာမြင့်ချိန်၊ ရှေ့ပြေးတရားရုံးများနှင့်တစ်နိုင်ငံလုံး၏ အမှုစီရင်ဆုံးဖြတ်ရန် ကြန့်ကြာသည့် အချိန်တို့ကို) ကောက်ယူခြင်းနှင့် ၄င်းနောက် အချက်အလက်ကိန်းဂဏန်း ကောက်ယူသည့် နည်းလမ်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ တိုးမြှင့်ခြင်း၊**<br>• လက်ရှိမှုခင်းစာရင်းများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည်များ (ဥပမာ မော်တော်ယာဉ်မှုခင်းများကို အခြားမှုခင်းများနှင့် ခွဲခြားအစီရင်ခံခြင်း)ကို ပြောင်းလဲဆောင်ရွက်ခြင်း<br>• မှုခင်းစီမံခန့်ခွဲမှု၏ တိုးတက်မှုကို သိရှိရန် တစ်နိုင်ငံလုံး၏ မှုခင်းစာရင်းများကို ဆန်းစစ်လေ့လာခြင်း<br>• မှုခင်းစီးဆင်းမှုအခြေအနေဆိုင်ရာ အသေးစိတ်အချက်အလက်များရရှိရန် အတွက် ရှေ့ပြေးတရားရုံးရှိ ပြီးပြတ်ပြီးအမှုများကို နမူနာကောက်ယူ၍ စစ်တမ်းပြုလုပ်ခြင်း | အထူးအရေးကြီး | • တောင်ငူခရိုင်တရားရုံး၊ ဘားအံမြို့နယ်တရားရုံးနှင့် လှိုင်သာယာ မြို့နယ်တရားရုံးများတွင် (၁-၁-၂၀၁၆) ရက် နေ့မှ(၃၀-၆-၂၀၁၆) ရက်နေ့အထိ ဒုတိယ(၆)လ အတွက် တရားရုံးရှိ ပြီးပြတ်ပြီးအမှုများကို နမူနာကောက်ယူ၍ စစ်တမ်းပြုလုပ်ခြင်း၊ | |

| *မဟာဗျူဟာရည်မှန်းချက် ၅.၂. ပိုမိုထိရောက်မှုရှိစေရန် တရားစီရင်ရေးဆိုင်ရာအဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား အလိုအလျောက်စက်များဖြင့်လုပ်ဆောင်ရန်နှင့် ထိရောက်မှုရှိသည့်လုပ်ငန်းစနစ် အသုံးပြုခြင်း* | | | |
|---|---|---|---|
| **၅.၂.၁. မှုခင်းလမ်းကြောင်းလုပ်ငန်းစဉ်များနှင့်အမှုတွဲထိန်းသိမ်းခြင်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ထိရောက်သော လုပ်ငန်းစနစ် အသုံးပြုခြင်း**<br>• မှုခင်းလမ်းကြောင်းလုပ်ငန်းစဉ်များ၊ ဌာနအလိုက်တောင်းခံသောပုံစံများကို ပြန်လည်သုံးသပ်ခြင်း၊လုပ်ငန်းစဉ်စနစ် သတ်မှတ်ခြင်း<br>• အမှုတွဲထိန်းသိမ်းခြင်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း<br>• USC၊HCအမှုတွဲထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများပေးခြင်း | ထိပ်တန်း အဆင့် ဦးစားပေး | • ရှေ့ပြေးတရားရုံးအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆွေးနွေးပွဲများနှင့် ရှေ့ပြေးတရားရုံးအစီအစဉ်မွမ်းမံသင်တန်းတို့တွင် မှုခင်းလမ်းကြောင်းလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခဲ့ခြင်း<br>• တိုးချဲ့ရှေ့ပြေးတရားရုံး(၅)ရုံးတွင် အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management) အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ခြင်း | ကနဦးရှေ့ပြေးတရားရုံး (၃)ရုံးတွင် အမှုသွားအမှုလာစီမံခန့်ခွဲမှု(Caseflow Manage-ment) အစီအစဉ် အောင်မြင်ခဲ့ပါသည် |
| **၅.၂.၂ လူအစားစက်များဖြင့် အလိုအလျောက် လုပ်ဆောင်မည့် မှုခင်းစီမံခန့်ခွဲမှုစနစ်(CMS) ကိုစတင်လုပ်ဆောင်ခြင်း**<br>• CMS ဒီဇိုင်းကို ပြန်လည်သုံးသပ်ခြင်း<br>• တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် CMS နှင့်ချိတ်ဆက်အသုံးပြုရန်ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများထောက်ပံ့ခြင်း<br>• ရှေ့ပြေးတရားရုံးများတွင် လက်တွေ့ အကောင်အထည်ဖော်ခြင်း | အလယ် အလတ် အဆင့် ဦးစားပေး | • USAID-PRLP ၏ ကူညီထောက်ပံ့မှုဖြင့် CMS စနစ်အား အဆင်ပြေစွာ အသုံးပြုနိုင်စေရန် USAID-PRLP မှ ပညာရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br>• တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် CMS နှင့် ချိတ်ဆက် အသုံးပြုနိုင်ရန် USAID-PRLP မှ ကွန်ပျူတာနှင့် ပရင်တာ စုစုပေါင်း(၃၃)စုံကို ထောက်ပံ့ခြင်း | ရှေ့ပြေး တရားရုံး (၈)ရုံးတွင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။ |
| **၅.၂.၃. တရားရေးဌာနတစ်ခုလုံးအတွက် သတင်းနည်းပညာ(IT)အသုံးပြုမှုဆိုင်ရာ ပင်မလုပ်ငန်းစီမံချက်တစ်ရပ်ပြင်ဆင်ထားခြင်း**<br>• တရားရေးဌာနတစ်ခုလုံးအတွက် သတင်းနည်းပညာ(IT)အသုံးပြုမှု ဆိုင်ရာ ပင်မလုပ်ငန်းစီမံချက် ရေးဆွဲခြင်း | အလယ် အလတ် အဆင့် ဦးစားပေး | • တရားစီရင်ရေးကဏ္ဍတွင် IT နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်(၂၀)မဟာဗျူဟာစီမံကိန်း၏ ပထမအဆင့်အဖြစ် (၅)နှစ် မဟာဗျူဟာစီမံကိန်း (မူကြမ်း) ရေးဆွဲတင်ပြခြင်း၊ ပြည်တွင်း/ပြည်ပနည်းပညာရှင်များ၏ အကြံဉာဏ်များ ရယူ၍ မွမ်းမံပြင်ဆင်ရေးဆွဲခြင်း | အချိန်သတ် မှတ်ချက်နှင့် အညီ ဆောင်ရွက်ခဲ့ ပါသည် |

| *မဟာဗျူဟာရည်မှန်းချက် ၅.၃. ရှေ့ပြေးတရားရုံး၏မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက်ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ရန်* | | | |
|---|---|---|---|
| **၅.၃.၁ ပြစ်မှုနှင့်တရာမမှုခင်းများတွင် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက် များကို အကဲဖြတ်ခြင်း**<br>• ၂၀၁၄ခုနှစ်၊စာချွန်တော်အမိန့်လျှောက်ထားမှု ဆိုင်ရာဥပဒေ၊နည်းဥပဒေတို့ကို ပြန်လည် သုံးသပ်ခြင်း<br>• ကြန့်ကြာမှုခင်းများအမြန်ပြီးပြတ်စေရေး အတွက် နည်းလမ်းရှာခြင်း | ထိပ်တန်း အဆင့် ဦးစားပေး | • ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ | |
| **၅.၃.၂.တည်ဆဲဥပဒေများပြင်ဆင်ခြင်း၊ ဥပဒေသစ် ရေးဆွဲခြင်း၊ဥပဒေအကောင်အထည်ဖော်မှုဆိုင်ရာ ယန္တရားကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း**<br>• ဥပဒေများရေးဆွဲရန် ညှိနှိုင်းခြင်း၊ အကြံပြု ချက်ရယူခြင်း၊ရေးဆွဲခြင်း၊တင်ပြခြင်း၊ အနုညာတ၊သက်သေခံ၊လူမွဲ၊အသိဉာဏ်ပစ္စည်း နှင့်ဆက်နွယ်သည့်ဥပဒေ စသည်များ)<br>• ထိရောက်သောအသိဉာဏ်ပစ္စည်းဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးစနစ် တည်ထောင်ခြင်း<br>• လူမွဲဖြစ်ခြင်းနှင့်ဆိုင်သည့် ဥပဒေရေးဆွဲမှု အတွက် မူဝါဒရေးဆွဲခြင်း<br>• ဥပဒေဆိုင်ရာလေ့လာမှုစာတမ်းများပြုစုခြင်း၊ တင်ပြခြင်း<br>• ဥပဒေကြမ်းများအပေါ် စိစစ်လေ့လာခြင်း၊ အကြံပြုခြင်း | ထိပ်တန်း အဆင့် ဦးစားပေး | • လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးဥပဒေနှင့်စပ်လျဉ်း၍ နည်းဥပဒေများ ရေးဆွဲရန် ဆောင်ရွက်ခြင်း၊<br>• လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ရေးဆွဲမှုအတွက် မူဝါဒ ရေးဆွဲခြင်း<br>• ဥပဒေကြမ်းများအပေါ် စိစစ်လေ့လာခြင်း<br>• လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံ၊ တရုတ် နိုင်ငံတို့သို့ လေ့လာရေးခရီးနှင့် သင်တန်းများ သွားရောက်ခဲ့ခြင်း | ဥပဒေ သစ်(၂) ခု နှင့် ပြင်ဆင် သည့် ဥပဒေ(၂) ခု မူကြမ်း ရေးဆွဲခဲ့ ပါသည်။ |